ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ စနေနေ့၊ (19-1-2008) (၅၅၆၇)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆန် နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာအား ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ Istana Nurul Iman နန်းတော်၌ သွားရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-ဘရူနိုင်း သံတမန်အဆက်အသွယ်ထူထောင်ခဲ့သည်မှာ ၁၅ နှစ်ခန့် ကြာခဲ့ပြီဖြစ် နှစ်နိုင်ငံဆက်ဆံရေးကို ပုဂ္ဂိုလ်ရေးခင်မင်မှု၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တိုးမြှင့်နိုင်

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်

ယခုခရီးစဉ်သည် နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရေးအတွက် များစွာအထောက်အကူပြုဖြစ်စေလိမ့်မည်ဟု ယုံကြည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာအား ဇန်နဝါရီ ၁၆ ရက် ည ၈ နာရီခွဲတွင် ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ Istana Nurul Iman နန်းတော်သို့ သွားရောက် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာတို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆန် နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာအား ဘန်ဒါဆရီ ဘီဂါဝန်မြို့ရှိ Istana Nurul Iman နန်းတော်၌ တွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉-၁-၂၀၀၈
(စနေနေ့)

နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘရူနိုင်းဒါရုဆလမ်နိုင်ငံခရီးစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံမိသားစုဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို အလေးထား၍ ဆက်ဆံနေသည်။ မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များသည် စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ချစ်ကြည်ရေးခရီးစဉ်များ လည်ပတ်လျက်ရှိကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီဟာဆန်နယ်လ်ဘိုလ်ကီးယား၊ မူအစ်ဇာဒင်ဝါဒိုလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ၁၇ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆန်နယ်လ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာအား ဇန်နဝါရီ ၁၆ရက်ညတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ နန်းတော်သို့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဘရူနိုင်းနိုင်ငံသည် မြန်မာနိုင်ငံနှင့် ခင်မင်ရင်းနှီးမှုရှိသော နိုင်ငံဖြစ်၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာ၌ မြန်မာနိုင်ငံဘက်မှ အမြဲတမ်းရပ်တည် ထောက်ခံမှုပေးလျက်ရှိသည်။ ထို့အပြင် အာဆီယံနိုင်ငံများထဲတွင် မြန်မာနိုင်ငံ၏ သတ္တမအဆင့်မြောက် ကုန်သွယ်ဖက်နိုင်ငံဖြစ်ရာ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တိုးမြှင့်လာလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘရူနိုင်းနိုင်ငံခရီးစဉ်သည် အာဆီယံနိုင်ငံများသို့ သွားရောက်လေ့ရှိသည့် အာဆီယံအစဉ်အလာ ချစ်ကြည်ရေးခရီးစဉ်များ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး နှစ်နိုင်ငံရင်းနှီးမှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သော ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်မှု မြှင့်တင်ရေးကို အလေးထား ပါဝင်ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များသည် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ရင်း နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ။

ကွယ်လွန်သူများဖြစ်ကြသော အဘွား ဒေါ်ကျော့မေ၊ မိခင် ဒေါ်ခင်မြင့်၊ ခင်ပွန်း ဦးဘဟန်တို့အား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် မနော်ဟရီလမ်းနေ ဒေါ်မိမိခင်နှင့် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေကျပ် ၅၅၆သိန်း ပေးအပ်သည့် အခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံများ)ဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ဇန်နဝါရီ ၁၇ ရက် နေ့လယ်က မြို့တော်ခန်းမ ခန်းမ(၄)၌ ကျင်းပသည့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အသုံးပြုရန် အလှူရှင်များ လှူဒါန်းသည့် အလှူငွေကျပ် ၅၅၆သိန်း ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အားပေးပြီး အလှူငွေများကို လက်ခံယူကြသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

အစီအစဉ်အရ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ် ၁၀သိန်း၊ ဟိန်းအင်ဂျင်နီယားရင်း ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇာနည်အောင်နှင့် ညီမ ဒေါက်တာ အေးအေးမော်တို့က ငွေကျပ် သိန်း ၂၆၀၊ PTT Co., Ltd. မန်နေဂျင်း ဒါရိုက်တာဦးကြည်စိုးက ငွေကျပ် သိန်း ၁၂၀၊ ရွှေသံလွင်ကုမ္ပဏီ ဦးကျော်ဝင်းက ငွေကျပ် ၁၀၅သိန်း၊ Best Luck ကုမ္ပဏီလီမိတက်မှ ဦးရန်ပြေက ငွေကျပ် သိန်း ၄၀ နှင့် First Land ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးကျော်ဌေးအောင်က ငွေကျပ်၂၁ သိန်း လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ပြည်သူ့အကျိုးပြု လုပ်ငန်းများလုပ်ဆောင်ရန် အလှူရှင်များ လှူဒါန်းသော ငွေများကို လက်ခံစဉ်။

(၁၉)

အင်းစိန်မြို့နယ် အနေးယာဉ်ထိန်းသိမ်းရေးအဖွဲ့၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က အသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ အမှာစကားပြောကြားစဉ်။

(၆၁)

ကမာရွတ်(၁)ရပ်ကွက် ရတနာမြိုင်လမ်း မိသားစု အထူးဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် ရတနာမြိုင်လမ်း မိသားစု စနေအရဏ်ဆွမ်းလောင်း အသင်းမှ ကြီးမှူး၍ ပထမအကြိမ်အထူး ဓမ္မပူဇာသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ညစဉ် ၇ နာရီမှစ၍ အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)၊ ဓမ္မဒူတ အရှင်ဆေကိန္ဒ(တွဲဖက်ပါမောက္ခ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်)၊ အရှင်သုဇာတ(ဓမ္မကထိက ထန်းတပင်ကျောင်း) ဆရာတော်တို့က ထေရဝါဒ သာသနာတော် အရှည်တည်တံ့ခိုင်မြဲစေရန်နှင့် တရားအသိဉာဏ်များ ရင့်သန်ပွားများစေရန် တရားဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ငါးမှုနှင့် တရားမအထူးအယူခံမှု ၁၀ မှု စီရင်ချက်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၁၈

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(မန္တလေး) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုငါးမှုနှင့် တရားမ အထူးအယူခံမှု ၁၀ မှုတို့ကို စီရင်ချက် ချမှတ်ခဲ့သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ (၈) အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ၁၆ မှုကို ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်မြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီဖွဲ့စည်း

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ လှိုင်မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် လှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ လှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ခနေဖြူ ဦးစိုးသိန်း(ပြန်ကြားရေးမှူး-၂)မှ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြီး ဥက္ကဋ္ဌ မအူပင်ဆွေမြင့်၊ ဒု-ဥက္ကဋ္ဌ လက်ပံတန်း ကြည်ဝင်းထွန်း၊ အတွင်းရေးမှူးရွှေကိုကိုတို့ ပါဝင်သည့် မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကေတုဝင်းထွဋ်က ပေးအပ်သည်။

(က-ပ)

ဒိုက်ဦးမြို့နယ် ကဒုတ်ကျေးရွာ အထက(ခွဲ) မြတ်ဆရာများ ပူဇော်ပွဲကျင်းပမည်

ပဲခူး ဇန်နဝါရီ ၁၈

ဒိုက်ဦးမြို့နယ် ကဒုတ်ကျေးရွာ အထက(ခွဲ)တွင်ပညာသင်ကြားခဲ့ကြသော တပည့်များက မြတ်ဆရာများအား စတုတ္ထအကြိမ်မြောက် ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီတွင် ကျောင်းခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဦးဌေးလွင် (ရွှေလှသစ်ရောင်းဝယ်ရေး) ဖုန်း-၀၁-၅၇၂၁၈၃၊ ဦးအောင်ကျော်မင်း (ရွှေဥဒေါင်းမင်းပွဲရုံ) ဖုန်း-၀၉-၅၃၀၀၁၅၀နှင့် ဦးမင်းသိန်း ကဒုတ်၊ ဘုရားကြီး ဖုန်း-ကဒုတ်-၁၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၀၃)

ကံမြင့်ကျောင်းတိုက် ဓမ္မဒူတ အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီး၌ ဓမ္မဒူတအထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၀ ရက်တွင် ဓမ္မဒူတအရှင်ကောသလ္လ(မုဒုံ)၊ ၂၁ ရက်တွင် ဓမ္မဒူတ အရှင်ဝိမလ(တောင်စွန်း)၊ ၂၂ရက်တွင် ဓမ္မဒူတ အရှင်ပညာဝရ (သိမ်ဇရပ်) ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်းသိရသည်။(က-ပ)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇန်နဝါရီ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေး ဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ/ဌာနမှူး (ကလေးကျန်းမာရေးနှင့် သွားညှိကုပညာဌာန) ပါမောက္ခ ဒေါက်တာမျိုးဝင်းအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပညာရှိသည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမတတ်၏

✧ လယ်လုပ်ယောက်ျားတို့သည် ရေကို မိမိလိုရာအရပ်သို့ရောက်အောင် သွယ်ယူကြကုန်၏။

✧ ကျွမ်းကျင်သောလေးသမားတို့သည် မြားကို ကောင်းစွာဖြောင့်တတ်ကြကုန်၏။

✧ ကျွမ်းကျင်သောလက်သမားတို့သည် သစ်ကို မိမိတို့အလိုရှိတိုင်းရအောင် ရွေတတ်ကြကုန်၏။

✧ ပညာရှိတို့သည် မိမိကိုယ်ကိုမိမိ ယဉ်ကျေးအောင် ဆုံးမတတ်ကြကုန်၏။

(ဓမ္မပဒ ၈၀)

ကြည့်ရှု စစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ အင်းလျားကန်အတွင်း စက်ယန္တရားကြီးများဖြင့် သောင်မြေများ ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အင်းလျားကန်အတွင်း စက်ယန္တရားကြီးများဖြင့် သောင်မြေများ ဆယ်ယူနေမှု၊ ရေတွန်းစက်ရုံနှင့် ရေပေးဝေရေးစက်ရုံတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားကန်အတွင်း စက်ယန္တရားကြီးများဖြင့် သောင်မြေများဆယ်ယူနေမှု အပါအဝင် ရေကူးရေတွန်းစက်ရုံနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်ရှိ ရေပေးဝေရေးစက်ရုံ တည်ဆောက်နေမှု တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းလျားရိပ်သာ ကန်ပေါင်သို့ ရောက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက အင်းလျားကန် အကျယ်အဝန်း ဧက ၉၆၀ အတွင်း မိုးရာသီကာလတွင် ရေပိုမိုသိုလှောင် ထိန်းသိမ်းထားနိုင်ရေးနှင့် ရေလျှံခြင်း မရှိစေရေးတို့အတွက် ဆောင်ရွက်နေမှု၊ ပြီးခဲ့သည့် မိုးရာသီကာလအတွင်း ရေလျှံခဲ့မှု၊ ရေဝင်ပေါက်များ အခြေအနေ၊ ယခု သုံးပေနှင့် နှစ်ပေရှိ ရေတံခါး ၁၂ ပေါက်ဖြင့် ဆောင်ရွက်နေမှု၊ ရေပိုမို သိုလှောင်နိုင်ရန် သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လုပ်ငန်းများကို မိုးရာသီမတိုင်မီ ပြီးစီးရေး၊ မိုးလေဝသနှင့် မိုးရွာသွန်းမှု အပေါ်မူတည်၍ ရေအတိုးအလျှော့ကို ချိန်ကိုက်ထိန်းညှိ ဆောင်ရွက်နိုင်ရေး၊ အင်းလျားကန် ရေပြင်ကြည်လင်သန့်ရှင်းသာယာ လှပရေးအတွက် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး စက်ယန္တရားကြီးများဖြင့် သောင်မြေများ၊ ဒိုက်ပင်နှင့် မှော်ပင်များ ဆယ်ယူ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သောင်မြေတူးခြင်း လုပ်ငန်းများပြီးစီးပါက အင်းလျားကန်အတွင်း ရေဂါလန်ပေါင်း ၅၇၈ သန်း ပိုမိုသိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရေကူးရေတွန်းစက်ရုံသို့ရောက်ရှိ၍ ကုက္ကိုင်းရေလှောင်ကန်သို့ ရေတွန်းပို့နေမှုနှင့် အသစ် တည်ဆောက်လျက်ရှိသော ရေဂါလန် တစ်သန်းဆံ့ ရေတွန်းစက်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်များကို ကျန်းမာရေးနှင့် ညီညွတ်သော ရေများ အပြည့်အဝ ပိုမိုဖြန့်ဖြူးတွန်းပို့နိုင်ရေးအတွက် လုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ပြီးစီးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် Electro Chlorinator စက်ဖြင့် ကလိုရင်းပါဝင်သော ဓာတုဆေးရည် ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်း ရေကူး ရေတွန်းစက်ရုံမှ အသစ် တည်ဆောက်လျက်ရှိသော ရေဂါလန်တစ်သန်းဆံ့ ရေတွန်းစက်များပြီးစီးပါက တက္ကသိုလ်ရိပ်သာ ပတ်ဝန်းကျင်နှင့် စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတား မြို့နယ်များ အပါအဝင် ရန်ကုန်မြို့အတွင်းသို့ ရေဂါလန် ၅၂ သန်း တွန်းပို့ဖြန့်ဖြူးနိုင်မည် ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါ၍ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် ၁၀၇ ရပ်ကွက်၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဆောင်ရွက်လျက်ရှိသော ရေပေးဝေရေးစက်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ဂါလန် တစ်သိန်းဆံ့ ရေစုကန်၊ ရေတွန်းစက်ရုံများမှတစ်ဆင့် ရပ်ကွက်နေ ပြည်သူများအား ရေဖြန့်ဖြူးပေးဝေမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦးကရပ်ကွက်အလိုက် ရေဖြန့်ဖြူးပေးဝေ နိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ရပ်ကွက်နေပြည်သူများ ကြည်လင်သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ အပြည့်အဝ ပေးဝေနိုင်ရေးအတွက် လုပ်ငန်းများကို စေတနာထား ဆောင်ရွက်ရေး၊ လုပ်ငန်းပြီးစီးမှု အပေါ်မူတည်၍ သောက်သုံးရေများကို အပိုင်းလိုက် ဖြန့်ဖြူးပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရပ်ကွက်နေ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေရေးစက်ရုံ ပြီးစီးပါက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ရပ်ကွက်ခုနစ်ခုမှ ဒေသခံပြည်သူများသည် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများကို အိမ်တိုင်ရာရောက် ရရှိနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

သာသာယာယာ

၁၉-၁-၂၀၀၈

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ယခင် အ.လ.က(၃)သာကေတ (၈)ရပ်ကွက် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

(ယခင်) အ.လ.က(၃)သာကေတ(၈)ရပ်ကွက်၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၁၃၆၉ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ဖေဖော်ဝါရီ ၁၀ ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် သာကေတ ရွှေပုဇွန်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးသိန်းဝင်း(ရွှေသပြေကုမ္ပဏီ) ဖုန်း-၀၉၅၁၀၃၈၉၅၊ ဦးအုန်းသွင်(နဝရတ်နည်းပြ) ဖုန်း-၅၄၇၂၇၁၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉နှင့် ဒေါ်တင်တင်အေး (မြခွာညိုအိမ်ရာ) ဖုန်း-၅၄၇၀၇၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ဇန်နဝါရီ ၁၇ ရက်က အစ္စရေးနိုင်ငံ အနောက်နာဂျပ်ဒေသအတွင်းသို့ ပါလက်စတိုင်း လက်နက်ကိုင်တစ်ဦး ဒုံးကျည်ဖြင့် ပစ်ခတ်စဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဟားမတ်စ်အဖွဲ့က အစ္စရေးကို ပစ်မှတ်ထား၍ ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်

ဂါဇာ ဇန်နဝါရီ ၁၈

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်တွင် ထိုးစစ်ဆင်နွှဲခဲ့သဖြင့် လူ ၁၇ဦး ထက်မနည်း သေဆုံးခဲ့သည့်လုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် ဟားမတ်စ်အုပ်စုက ပြည်တွင်းဖြစ် ရော့ကက်ဒုံးကျည် ၂၁ စင်းဖြင့် ဂါဇာကမ်းမြောင်အပြင်ဘက်ရှိ အစ္စရေးပစ်မှတ်များကို ဗုဒ္ဓဟူးနေ့စောစောပိုင်းက ပစ်ခတ်ခဲ့သည်။

ဟားမတ်စ်အုပ်စုကဂါဇာကမ်းမြောင်၏ အရှေ့မြောက်ပိုင်း တစ်ကီလိုမီတာအကွာရှိ ဆီဒါရော့မြို့နှင့် အစ္စရေးလူနေအိမ်ခြေများကို အဓိကပစ်မှတ်ထားပြီး ရော့ကက်ဒုံးကျည်များဖြင့် အဆက်မပြတ် အပြင်းအထန်ပစ်ခတ်ခဲ့သည်ဟု ယင်းအဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

အင်္ဂါနေ့နောက်ပိုင်းမှစတင်၍ ရော့ကက်ဒုံးကျည် ၆၅ စင်း၊ စိန်ပြောင်းကျည် ၇၅ စင်းတို့ဖြင့် ဂါဇာကမ်းမြောင်မှ ပစ်ခတ်ခဲ့သည်ဟု ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်ရှိ မြို့တစ်မြို့တွင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့စဉ် ဟားမတ်စ်တိုက်ခိုက်သူ ၁၃ဦး အပါအဝင် ပါလက်စတိုင်း ၁၉ ဦး သေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဟီးသရိုးလေဆိပ်၌ ဝမ်းဗိုက်နှင့်ရှပ်၍ ဆင်းခဲ့ရသော ဗြိတိန်လေကြောင်း၏ ဘိုးရင်း – ၇၇၇ လေယာဉ်ကြီးကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြင်သစ်နိုင်ငံ၏လူဦးရေ ၆၃ဒသမ၈သန်းအထိရောက်ရှိ

ပါရီ ဇန်နဝါရီ ၁၈

ပြင်သစ်နိုင်ငံ၏ လူဦးရေသည် ၂၀၀၈ ခုနှစ် ဇန်နဝါရီနှစ်စပိုင်းတွင် ခန့်မှန်းခြေအားဖြင့် ၆၃ ဒသမ၈ သန်းရှိနိုင်ပြီး ၂၀၀၇ ခုနှစ်ဖြင့် နှိုင်းယှဉ်ပါက လူဦးရေ ၃၆၁၀၀၀ မြင့်တက်လာခဲ့ကြောင်း ပြင်သစ်အမျိုးသားစာရင်းနှင့် စီးပွားရေးဌာနက အင်္ဂါနေ့တွင် ထုတ်ပြန်သည့်ကြေညာချက်အရသိရှိရသည်။

ပြင်သစ်နိုင်ငံသည် ဥရောပသမဂ္ဂ (အီးယူ)အတွင်းရှိ နိုင်ငံများအတွင်း ဂျာမနီပြီးလျှင်လူဦးရေဒုတိယအထူထပ်ဆုံးနိုင်ငံဖြစ်သည်။ ဂျာမနီတွင် လူဦးရေ ၈၂ ဒသမ ၃ သန်းရှိသည်။ ပြင်သစ်နိုင်ငံ၏ လူဦးရေသည် အီးယူလူဦးရေ ပမာဏ၏ ၁၃ ရာခိုင်နှုန်းရှိသည်။

ပြင်သစ်နိုင်ငံ၏ လူဦးရေတွင် သက်ကြီးရွယ်အိုလူဦးရေသည် များပြားလျက်ရှိပြီး အသက် ၆၀ကျော်သူဦးရေသည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း မြန်မြန်ဆန်ဆန် တိုးပွားလာခဲ့သည်။ ၎င်းလူဦးရေကပြင်သစ်လူဦးရေစုစုပေါင်း ပမာဏ၏ ၂၁ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

နျူကလီးယားကိစ္စအပေါ် အနောက်အုပ်စု ဖိအားပေးမှု မအောင်မြင်ဟု အီရန်ပြောကြား

တီဟီရန် ဇန်နဝါရီ ၁၈

အီရန်နိုင်ငံ၏ အဏုမြူဆောင်ရွက်ချက်များအပေါ် အနောက်အုပ်စုက ဖိအားပေးသည့်ကြိုးပမ်းမှု မအောင်မြင်ခဲ့ကြောင်း အီရန်နိုင်ငံမှ နျူကလီးယားပြဿနာ ညှိနှိုင်းရေးမှူးချုပ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

အနောက်အုပ်စုက အီရန် အဏုမြူပုံးထုတ်လုပ်ရန် ကြိုးပမ်းနေမှုအပေါ် စိုးရိမ်မကင်းဖြစ်နေပြီး ကုလသမဂ္ဂက အီရန်အပေါ်အရေးယူကန့်သတ်မှုနှစ်ရပ် ပြုလုပ်ခဲ့သည်။ အီရန်ကမူ နျူကလီးယား ထုတ်လုပ်မှုသည် လျှပ်စစ်ဓာတ်အားပေးရန်အတွက်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

တရုတ်နှင့် ရုရှားတို့က အီရန်အပေါ် အရေးယူကန့်သတ်မှုနှင့် ပတ်သက်၍ ဟန့်တားခဲ့ကြသည်။ အီရန်အပေါ် အရေးယူကန့်သတ်မှု ပြုလုပ်ပြီး ဖိအားပေးနေသည့်နိုင်ငံများတွင် အောင်မြင်မှုမရှိခဲ့ဟု ဆာအိဂျာလီလီက အိုင်အာအင်အေသတင်းဌာနသို့ ပြောကြားသည်။ အီရန်နှင့် တရုတ်နိုင်ငံ၏ ဆက်ဆံရေးအခြေအနေ ကောင်းမွန်သည်ဟု ဂျာလီလီကပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဗြိတိန်တွင် ရေလွှမ်းမိုးမှု ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်

လန်ဒန် ဇန်နဝါရီ ၁၈

လွန်ခဲ့သော နွေရာသီက ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ပြီးနောက် အင်္ဂလန်နှင့် ဝေလပြည်နယ်အတွင်း ဇန်နဝါရီ ၁၅ ရက်က မိုးသည်းစွာရွာသွန်းခြင်းကြောင့် ရေကြီးမှုထပ်မံဖြစ်ပွားလာနိုင်ကြောင်း သတိပေးမှုများ ထွက်ပေါ်လာသည်။

ဒေသအချို့တွင် မိုးရေချိန် မီလီမီတာ ၄၀ နှင့် လေပြင်းတိုက်ခတ်မှုနှုန်း တစ်နာရီလျှင် မိုင် ၇၀အထိရှိနိုင်ကြောင်း မိုးလေဝသခန့်မှန်းသူများက ကြေညာချက်ထုတ်ခဲ့သည်။

လွန်ခဲ့သော နွေရာသီ ရေကြီးမှုတွင် ဂလူဆက်စတာနှင့် တောကက်ဘာရီ ဒေသများတွင်အဆိုးဆုံးရင်ဆိုင်ခဲ့ရသောကြောင့် ဂလူဆက်စတာနှင့် တောကက်ဘာရီဒေသနေ ပြည်သူများသည် ရေကြီးမည်ကို စိုးရိမ်ပူပန်ကြသဖြင့် အိမ်များတွင် သဲအိတ်များ ကာရံထားကြသည်။ ဆိုဘမ်းမြစ်တစ်လျှောက် ရေကြီးလာ မည်ကို စိုးရိမ်၍ ယင်းသို့ ကြိုတင်ကာကွယ်ကြခြင်းဖြစ်သည်။

ရေလက်ကြားဒေသ ကျွန်းများတွင် လေပြင်းထန်မှုကြောင့် ဂျာဆေ၊ ဂွာဆေနှင့်အယ်လ်ဒါနေဒေသအကြား လေယာဉ် ခရီးစဉ်အားလုံးနောက်ကျခဲ့သည်။ ရေကြီးမှုကြောင့် ဆယ်တင်ဟမ်နှင့် စဝန်ဒွန်ဒေသအကြား ရထားသွားလာမှု ရပ်ဆိုင်းထားရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကနေဒါနိုင်ငံသား ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ခံရ

အော့တဝါ ဇန်နဝါရီ ၁၈

ကနေဒါနိုင်ငံသား ဆရာဝန်တစ်ဦးကို မတော်မတရားပြုမှုနှင့် မူးယစ်ဆေးဝါးများကို ၎င်း၏ လူနာများအား ရောင်းချခဲ့မှုဖြင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန် ပြစ်ဒဏ်စီရင်ခဲ့သည်။

၎င်းဆရာဝန်သည် အသက်၄၇ နှစ်ရှိ ရှောင်ဘတ်ကင်ဟမ်ဖြစ်ပြီး နယူးဖောင်လန်ပြည်နယ်မှဖြစ်သည်။ ၎င်းကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခဲ့မှုငါးမှု၊ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားမှုခြောက်မှုနှင့် ကိုယ်ထိလက်ရောက်ကျူးလွန်မှု တစ်ခုတို့ဖြင့် လွန်ခဲ့သည့်လအတွင်းက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဆရာဝန်ဘတ်ကင်ဟမ်က လူနာများ၏ အားနည်းချက်များကို အခွင့်ကောင်းယူပြီး လိင်ပိုင်းဆိုင်ရာအရ အမြတ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းက လူနာများ၏ ယုံကြည်ကိုးစားမှုကို ချိုးဖောက်ဖျက်ဆီးလိုက်ကြောင်း၊၎င်း၏ လုပ်ရပ်များမှာ ဆိုးရွားကြောင်း စသည်ဖြင့် တရားရုံးချုပ်မှတရားသူကြီး ဂျိမ်းစ်အက်ဒမ်ကပြစ်မှုစီရင်ချက်တွင်ထည့်သွင်းဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သော နိုင်ငံအဖြစ် အမေရိကန်အား စောင့်ကြည့်သွားရန် လိုအပ်ဟု ကနေဒါပြောကြား

အော့တဝါ ဇန်နဝါရီ ၁၈

အမေရိကန်နိုင်ငံကို အကျဉ်းသားများအား နှိပ်စက်သည့်နိုင်ငံများအဖြစ် စောင့်ကြည့်သွားရန် လိုအပ်သော နိုင်ငံများစာရင်းတွင် ထည့်သွင်းထားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များကို ကိုးကား၍ ဇန်နဝါရီ ၁၇ ရက်နေ့ထုတ် ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကျူးဘားနိုင်ငံ ဂွမ်တာနာမိုအကျဉ်းစခန်းတွင် ကနေဒါနိုင်ငံသားတစ်ဦး အချုပ်ခံခဲ့ရသည်။ ယင်းအကျဉ်းစခန်းတွင် အမေရိကန်တို့ အသုံးပြုသော စစ်ဆေးသည့်နည်းနာများသည် ညှဉ်းပန်းနှိပ်စက်သည့်နည်းလမ်းများဖြင့် ညှဉ်းပန်းနှိပ်စက်သည်ဟု ဆိုသည်။

ဂွမ်တာနာမိုအကျဉ်းစခန်းတွင် ချုပ်နှောင်ခံထားရသော တစ်ဦးတည်းသော ကနေဒါနိုင်ငံသားမှာ အိုမာခါဒရာဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်သည့်အမှုအရာများတွင် အကျဉ်းသားအား အဝတ်အစားများ အဓမ္မချွတ်စေခြင်း၊ တစ်ဦးတည်း တိုက်လှောင်ထားခြင်း၊ အိပ်စက်ခွင့်မပေးခြင်း၊ မျက်စိကို အဝတ်ဖြင့်စည်း၍ထားခြင်း စသည့်နည်းလမ်းများဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ခါဒရာသည် ဂွမ်တာနာမိုအကျဉ်းစခန်းတွင် ဖမ်းဆီးခံထားရသည်မှာ ငါးနှစ်ရှိသွားပြီဖြစ်သည်။ ၎င်းအား အာဖဂန်နိုင်ငံ၌ရှိစဉ် ၂၀၀၂ခုနှစ်က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား သတ်ဖြတ်သည်ဟု မသင်္ကာမှုဖြင့် ဖမ်းဆီးထားခြင်းဖြစ်သည်။ ထိုစဉ်က ၎င်း၏အသက်မှာ (၁၅)နှစ်သာရှိသေးသည်။ **အမ်အင်အေ၊ရိုက်တာ။**

တရားမဝင် ခိုးထုတ်သွားသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ ဩစတြေးလျက တရုတ်သို့ ပြန်လည်လွှဲအပ်

ကင်ဘာရာ ဇန်နဝါရီ ၁၈

တရုတ်နိုင်ငံမှ တရားမဝင်ခိုးထုတ်သွားသည့် ကီလို ၇၅၀ ရှိ ဒိုင်နိုဆော၊ နို့တိုက်သတ္တဝါနှင့် တွားသွားသတ္တဝါ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဩစတြေး လျနိုင်ငံက ဇန်နဝါရီ ၁၅ ရက်တွင် တရုတ်နိုင်ငံသို့ ပြန်လည်ပေးအပ်ပြီး ဖြစ်သည်။

ကျောက်ဖြစ်ရုပ်ကြွင်းများ ပြန်လည် လွှဲပြောင်းပေးသည့် အခမ်းအနားကို တရုတ်သံရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တရုတ် သံအမတ်ကြီးက ယခုသာဓကသည် တရုတ်နှင့် ဩစတြေးလျ နှစ်နိုင်ငံအကြား ရွှေ့ပြောင်းနိုင်သော သဘာဝပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ တရားမဝင်ရောင်းဝယ်ခြင်း ကိုနှိမ်နင်းရာ၌ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နေသည့်လုပ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အစ္စရေးရေတပ် အခြေစိုက်စခန်းတွင် ပေါက်ကွဲမှုဖြစ်ပွား၊ ခုနစ်ဦး ဒဏ်ရာရရှိ

ဂျေရုဆလင် ဇန်နဝါရီ ၁၈

ဟိုင်ဖာရေတပ်စခန်းရှိ အစ္စရေးဒုံးကျည်တင်သင်္ဘောပေါ်တွင် ဗုဒ္ဓဟူးနေ့က အမြောက်ဆန် မတော်တဆပေါက်ကွဲခဲ့ရာ လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေး ဟာရက်ဇ်သတင်းစာက ရေးသားသည်။

သင်္ဘောတစ်စင်း၏ အမြောက်များကို ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေစဉ် ယင်းသို့မတော်တဆမှုပေါ်ပေါက်ခဲ့ပြီး ဒဏ်ရာရသူများမှ နှစ်ဦးသည် အစ္စရေးစစ်ဘက်ကခန့်ထားသည့် အလုပ်သမားများဖြစ်ပြီး ကျန်ဒဏ်ရာရသူများမှာ အစ္စရေးတပ်ဖွဲ့ဝင်များဖြစ်သည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။ အစ္စရေး အရေးပေါ်ဆေးတပ်ဖွဲ့ဝန်ထမ်းများက ဒဏ်ရာရသူများကို ဟိုင်ဖာဒေသရှိ ရမ်သမ်ဆေးရုံသို့ ဆေးကုသရန် တင်ပို့ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

လက်နက်ငယ်များဖြင့် တိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင်ဦးရေ ၃၉၂၅ဦး ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ဇန်နဝါရီ ၁၇ရက်တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆာလာဟူဒင်ပြည်နယ်၌ ဗုဒ္ဓဟူးနေ့က ကင်းလှည့်ကြစဉ် တိုက်ခိုက်မှုဖြစ်ပွားကြောင်း သိရသည်။ ဒဏ်ရာရရှိသွားသော အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို ဆေးဝါးကုသမှုပေးနိုင်ရန် စစ်ဘက်ဆေးရုံသို့ ပို့ပေးခဲ့သည်။

ယခုတိုက်ခိုက်မှုတွင် သေဆုံးသော အရေအတွက်ကိုပါထည့်ပေါင်းလျှင် အီရတ်စစ်မြေပြင်၌ ၂၀၀၃ခုနှစ် ကျူးကျော်စစ်ပွဲစတင်ချိန်မှ ယနေ့အချိန်အထိ အသက်ဆုံးရှုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၃၉၂၅ ဦးရှိသွားပြီဖြစ်ကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။ ထိုအရေအတွက်မှာ အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်ကထုတ်ပြန်သည့် အသေအပျောက်စာရင်းများအပေါ်အခြေခံ၍ ပြုစုထားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ နောက်ဆုံးသတင်းများ

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းခံတပ်စခန်း တိုက်ပွဲတွင် ပျောက်ဆုံးတပ်ဖွဲ့ဝင်များကို ရှာဖွေလျက်ရှိ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ စစ်ဘက်ခံတပ်စခန်းကို စစ်သွေးကြွရာပေါင်းများစွာက ဝင်ရောက်တိုက်ခိုက်ပြီးနောက် ပျောက်ဆုံးသွားသော ပါကစ္စတန်ပြည်သူ့စစ်တပ်ဖွဲ့ဝင် ၁၅ဦးကို လုံခြုံရေး တပ်ဖွဲ့များက ဇန်နဝါရီ ၁၆ရက်တွင် လိုက်လံရှာဖွေလျက်ရှိကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နျူကလီးယားလက်နက်ပိုင်ဆိုင်ထားသော ပါကစ္စတန်နိုင်ငံတွင် သမ္မတ ပါဗက်မူရှာရက်ဖ်အား ဆန့်ကျင်သူများက ဆန္ဒပြလျက်ရှိသည့်အဖြစ်များနှင့် ကြုံတွေ့နေရသည်။ ထို့ပြင် စစ်သွေးကြွများက မကြာသေးမီက အနည်းငယ်မှစ၍ လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်မှုများ မကြာခဏ ပြုလုပ်လျက်ရှိသည်။ ဖော်ပြပါအခြေအနေများကြောင့် ပါကစ္စတန်နိုင်ငံသည် တစ်ပုပေါ်နှစ်ပုဆင့်ရသည့် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။

နောက်ဆုံးဖြစ်ပွားသည့် အဖြစ်အပျက်တွင် တိုက်ခိုက်ရေးသမားတစ်စုသည် ပါကစ္စတန် လေတပ်စခန်းအတွင်းသို့ ဒုံးကျည်သုံးစင်းဖြင့် ဇန်နဝါရီ ၁၇ ရက်ကတိုက်ခိုက်ခဲ့သည်။ ထိုလေတပ်စခန်းမှာ မြို့တော် အစ္စလာမ္မာဘတ်မှ ၄၅ မိုင်အကွာတွင်တည်ရှိသည်။ ထိုတိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း စစ်ဘက်သတင်းက ဖော်ပြသည်။

နိုင်ငံမြောက်ပိုင်း အာဖဂန်နယ်စပ်အနီး ဝါဇီရစ္စတန်ပြည်နယ်ရှိ ဆာရာရိုကာ စစ်ဘက်ခံတပ်စခန်းကို ဇန်နဝါရီ ၁၆ရက်က စစ်သွေးကြွ ၂၀၀ ခန့်က ဝင်ရောက်တိုက်ခိုက်ပြီးနောက် စခန်းကိုစီးနင်းသွားခဲ့ကြသည်။

ဖော်ပြပါစခန်းတိုက်ပွဲတွင် စစ်သွေးကြွများဘက်မှ ၄၀သေဆုံးပြီး ပါကစ္စတန်တပ်ဖွဲ့များဘက်မှ ခုနစ်ဦး အသက်ဆုံးရှုံးသည်။ ထို့ပြင် တပ်ဖွဲ့ဝင် ၂၀ ပျောက်ဆုံးသွားသည့်အနက်မှ နောက်ပိုင်းတွင် ငါးဦးကို ပြန်လည်တွေ့ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်အာဘတ်စ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နယူးကာလီဒိုးနီးယားတွင် ဆန္ဒပြမှု ဖြစ်ပွား ရဲကဖြိုခွင်းသဖြင့် လူ ၁၂ ဦး ဒဏ်ရာရရှိ

ဝယ်လင်တန် ဇန်နဝါရီ ၁၈

နယူးကာလီဒိုးနီးယားဒေသတွင် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့က နူမီယာမြို့ဘတ်စ်ကားဂိတ်တွင် ဆန္ဒပြသူများအားဖြိုခွင်းခဲ့သဖြင့် လူ ၁၂ဦးဒဏ်ရာရရှိပြီး လူ ၅၀ကို ဖမ်းဆီးခဲ့ကြောင်း နယူးဇီလန် ရေဒီယိုက ကြာသပတေးနေ့က ကြေညာသည်။

ယူအက်စ်တီကေအီး သမဂ္ဂက ကာဆတ်ဘတ်စ်ကုမ္ပဏီအနီးရှိ တောင်ပိုင်းပြည်နယ်ကပိုင်ဆိုင်သည့် မြေကိုတရားမဝင်သိမ်းယူခဲ့သည်။ ရဲတပ်ဖွဲ့က သမဂ္ဂဝင်များ လူစုကွဲစေရန်အတွက် မျက်ရည်ယိုဗုံးများခွဲခဲ့မှုကြောင့် လူ ၁၂ဦးခန့်ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ယူအက်စ်တီကေအီး ခေါင်းဆောင် ဂျီရတ်ဂျီဒါက ပြောကြားသည်။

အဓိကရုဏ်းနှိမ်နင်းရေး ရဲက လူ ၅၀ကို ဖမ်းဆီးသည်ဟု ဒေသခံရေဒီယိုက ကြေညာသည်။ ယင်းဆန္ဒပြမှုတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး ရဲတပ်ဖွဲ့မှ ကားအချို့အပါအဝင် ကားအများအပြား မီးရှို့ခံရသည်ဟုဆိုသည်။

ဆန္ဒပြသူများက မြို့၏လမ်းမကြီးကို ပိတ်ထားသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အခင်းဖြစ်ပွားရာနေရာတွင် ကားအသွားအလာ ရပ်ဆိုင်းခဲ့သည်။ ကာဆတ်ဘတ်စ်ကုမ္ပဏီ မှ အလုပ်ဖြုတ်ခံရသူ ဝန်ထမ်းတစ်ဦးအား အလုပ်ပြန်ခန့်ရေးအတွက် တောင်းဆိုသည့်အနေဖြင့် ဆန္ဒပြမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကင်းလှည့်

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ကင်းလှည့်နေသော နေတိုး စစ်ဘက်ယာဉ်များကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မာလာဝီနိုင်ငံ ဂျီဟွာဝါဒေသ၌ ရေကြီးမှု ဖြစ်ပွားသည့်အတွက် အတိဒုက္ခရောက်နေသူများကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အပေါင်းပါတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အာဖဂန်အရပ်သား ၁၉ ဦး သေဆုံးခဲ့ဟုဆို

ကဘူး ဇန်နဝါရီ ၁၈

အာဖဂန်အရပ်သားများအနေဖြင့် စစ်ဘက်မော်တော်ယာဉ်များမှ ဝေးဝေးရှောင်နေကြရန် အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်များက တိုက်တွန်းလိုက်သည်။ အရပ်သားများသည် စစ်ဘက်ယာဉ်များအနီး လမ်းလွဲရောက်လာခဲ့သဖြင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ဩဂုတ်လနောက်ပိုင်းတွင် ပစ်ခတ်ခဲ့မှုကြောင့် အရပ်သား ၁၉ဦးသေဆုံးခဲ့သည်ဟု ၎င်းတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးအကူအညီပေးတပ်ဖွဲ့ က မော်တော်ယာဉ်မောင်းသူများအနေဖြင့် အသေခံဗုံးဖောက်ခွဲသူများနှင့် မမှားမိစေရန်အတွက် စစ်ဘက်မော်တော်ယာဉ်များနှင့် ခပ်လှမ်းလှမ်းမှ မောင်းနှင်ကြရန် သတိပေးထားသည်။

မော်တော်ယာဉ်တစ်စီးသည် စစ်ဘက်မော်တော်ယာဉ်အနီးသို့ လွန်စွာနီးကပ်လာပါက သို့တည်းမဟုတ် လူ့အသက်အန္တရာယ်ရှိစေနိုင်မည့် အင်အားအသုံးပြုပါက သတိပေးသည့်အနေဖြင့် သေနတ်ပစ်ခတ်နိုင်ရန် တပ်ဖွဲ့ဝင်များအား အခွင့်အာဏာပေးထားသည်။

အမ်အင်အေ၊ရိုက်တာ

စစ်သွေးကြွများက ပါကစ္စတန်စစ်စခန်းကို ဒုံးကျည်ဖြင့်တိုက်ခိုက်

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၈

စစ်သွေးကြွများက ပါကစ္စတန်နိုင်ငံအလယ်ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ စစ်ဘက်အခြေစိုက်စခန်းတစ်ခုကို ဇန်နဝါရီ ၁၇ ရက်က ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဒေသခံသတင်းဌာနက ဖော်ပြသည်။

အဆိုပါဖြစ်ရပ်ကြောင့် တပ်တွင်းရှိ စားသောက်ဆောင်တစ်ဆောင် အနည်းငယ်ပျက်စီးသွားကြောင်း သိရှိရသည်။ ဒုံးကျည်သုံးစင်းအနက် တစ်စင်းသည် ကာရာတပ်နယ်မြေအတွင်းရှိ စားသောက်ဆောင်ကိုထိမှန်ပြီး ကျန်ဒုံးကျည်နှစ်စင်းသည် မြေကွက်လပ်နေရာ၌ ကျရောက်ပေါက်ကွဲခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ကာရာတပ်နယ်မြေသည် အစ္စလာမ္မာဘတ်မြို့တော်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၇၀ အကွာရှိ ပန်ဂျပ်ပြည်နယ်တွင်း၌ တည်ရှိသည်။ ထိုတပ်နယ်မြေသည် လေတပ်စခန်းအတွင်း၌ အကျုံးဝင်သော နယ်မြေဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာကမ်းမြောင် ဒေသမှ ပါလက်စတိုင်း စစ်သွေးကြွများ ပစ်ခတ်သည့် မပေါက်ကွဲသေးသော ဒုံးကျည်အား အစ္စရေး ကျွမ်းကျင်သူ တစ်ဦးက ဖယ်ရှားနေသည်ကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန်နိုင်ငံ ပက်ရှဝါတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၈

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှဝါမြို့တွင် ဇန်နဝါရီ ၁၇ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ခုနစ်ဦး သေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိကြောင်း အေပီပီသတင်းအေဂျင်စီက ဖော်ပြသည်။

အနက်ရောင် ဝတ်ဆင်ထားသူ အသက်(၁၈)နှစ်ခန့်ရှိ ဖောက်ခွဲရေးသမားက ဗုံးကိုဖောက်ခွဲလိုက်ခြင်းဖြစ်သည်ဆိုသော မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ထုတ်ပြန်သွားသည်။

ဖောက်ခွဲရေးသမားသည် ဖောက်ခွဲခြင်းမပြုမီ လူအုပ်အတွင်းသို့ ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း လည်းသိရသည်။ အခင်းဖြစ်ပွားရာတွင် ဒဏ်ရာရရှိသူများကို အနီးဝန်းကျင်ရှိဆေးရုံများသို့ ပို့ပေးခဲ့သည်။

ဒေသခံလူထုက ပွဲတော်ကျင်းပရန် စီစဉ်နေကြစဉ် ယင်းပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ယမန်နှစ်ကလည်း ယခုပေါက်ကွဲသည့် နေရာအနီး၌ အလားတူ ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ၁၇ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထူးခြားသည့် ညအပူချိန်များ

(၁၈-၁-၂၀၀၈)

လွိုင်လင်
(၁) ဒီဂရီ စင်တီဂရိတ်
ပင်လောင်းနှင့်ဟဲဟိုး
(၃) ဒီဂရီ စင်တီဂရိတ်စီ
နမ့်စန်နှင့်ဟားခါး
(၄) ဒီဂရီ စင်တီဂရိတ်စီ

Blazon Department Store တွင် Digital Vision 2008 ကင်မရာ ဈေးရောင်းပွဲတော် ကျင်းပစဉ်။ (သတင်းစဉ်)

သာသနာ့ဗေယျမင်္ဂလာစာသင်တိုက် ပညာဒါနသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ သာသနာ့ဗေယျမင်္ဂလာပရိယတ္တိ စာသင်တိုက်တွင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညိန္ဒ(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးစီး၍ အပြည်ပြည်ဆိုင်ရာ ဆရာတော်အရှင်ကဝိဓဇ B.Com. တာဝန်ယူပို့ချမည့် အဆင့်မြင့် အင်္ဂလိပ်စကားပြော အထူးသင်တန်းကို ဇန်နဝါရီ ၂၉ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီလကုန်အထိ နာရီ ၃၀ အထူးတန်းခွဲဖြစ်ကာ အင်္ဂါမှသောကြာအထိ တစ်ပတ်လေးရက် ပို့ချလေ့ကျင့်ပေးသွားမည်ဖြစ်သည်။

သင်တန်းသို့ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ တက္ကသိုလ်တက်နေသူများ၊ ဘွဲ့ရ၊ ဘွဲ့လွန်များ၊ လုပ်ငန်းခွင်ဝန်ထမ်းများ၊ ပြည်ပသွားလိုသူများ၊ အဝေးသင်တက္ကသိုလ်စာမေးပွဲဖြေဆိုပြီးသူများအတွက် အထူးရည်ရွယ် ဖွင့်လှစ်ကြောင်း သိရှိရသည်။ အဆိုပါပညာဒါနသင်တန်းများကို ဆရာတော် အရှင်ကဝိဓဇ (B.Com.)က တာဝန်ယူ၍ သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက်ရှိ ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက်နှင့် ဒဂုံအရှေ့ပိုင်းမြို့နယ် (၄)ရပ်ကွက်ရှိ သုဇနာရာမဝိဇ္ဇာသိပ္ပံစာသင်တိုက်တို့တွင်လည်း တစ်ပြိုင်တည်း ဖွင့်လှစ်ထားရာ စိတ်ဝင်စားသူများသည် နီးစပ်ရာသင်တန်းဌာနများနှင့် ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်း သိရှိရသည်။ (က-ပ)

ဇန်နဝါရီ ၁၈ရက်က ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Defence and Army Attache, Colonel Ekachai Harnpoonvittaya၊ Naval attache, Capt. Choomsak Nakwijitနှင့် Air Attache Group Capt. Cherdpong Iamsamut တို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကင်မရာဈေးရောင်းပွဲတော် ဘလေဇွန်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

Blazon Department Store က ကြီးမှူးကျင်းပသော Digital Vision 2008 ကင်မရာဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်ရှိ Blazon Department Store ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ သတင်းထောက်များ၊ Accel International Co., Ltd, Advanced Vision Co.,Ltd, Blazon Department Store, Special Style Photo & Electronics နှင့် TMW Enterprise Ltd. တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

Digital Vision 2008 ကင်မရာဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၁၈ရက်မှ ၂၇ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ည ၈နာရီခွဲထိ ကျင်းပသွားမည်ဖြစ်ပြီး ယင်းပွဲတော်တွင် Canon, Nikon, Sonyနှင့် Panasonic အမျိုးအစား ဒီဂျစ်တယ်ကင်မရာများကို Authorized Dealer များမှ ရောင်းချသွားမည်ဖြစ်သည်။ ဒီဂျစ်တယ်ကင်မရာ ဝယ်ယူလိုသူများအတွက် Quality Branded ပစ္စည်းများကို တစ်နေရာတည်းတွင် အသင့်လျော်ဆုံးဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်မည့် အခွင့်အရေးတစ်ခုဖြစ်သည်။ ထို့ပြင် Blazon Department Store တွင် ipod အမျိုးမျိုးလည်း ရောင်းချပေးလျက်ရှိကြောင်းလည်း သိရှိရသည်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် အကျော်အမော်များ

ရော်ဂျာဖယ်ဒဲရား

ဂေါက်သီးလောကတွင် တိုင်းဂါးဝုဒ်သည်ထိပ်ဆုံးမှ ဗိုလ်ဖြစ်သကဲ့သို့ တင်းနစ် ကမ္ဘာတွင်လည်း ရော်ဂျာဖယ်ဒဲရားသည် ဘုရင်တစ်ဆူဖြစ်သည်။ ၎င်းသည် ၂၀၀၇ ခုနှစ် ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သူဖြစ်သည်။ ၎င်း၏လက်ရည်သည် ပုံမှန်အကောင်းဆုံး အခြေအနေ၌ရှိနေပါက ယခုနှစ်ဩစတြေးလျ အိုးပင်းပြိုင်ပွဲတွင်လည်း ၎င်းအား တားဆီးနိုင်မည့်သူ ရှိလိမ့်မည်မဟုတ်ဟု အားကစား ဝေဖန်သူများက သုံးသပ်နေကြသည်။

မာရီယာရှာရာပိုဗာ

မာရီယာရှာရာပိုဗာသည် ရုရှားသူ အကျော်အမော် တင်းနစ်မယ်တစ်ဦးဖြစ်သည်။ လက်ရည်တွင် ကမ္ဘာ့အဆင့်၌ ထိပ်တန်းစာရင်းဝင်သူဖြစ်သည်။ သူမသည် ဒဏ်ရာ အနာတရဖြစ်ခဲ့သော်လည်း ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ တင်းနစ်ပြိုင်ပွဲတွင် ရှေ့ခြေတစ်လှမ်းတိုးရန် တာစူနေသူဖြစ်သည်။

နိုဗက်ဂျိုကိုဗစ်

ကမ္ဘာ့အဆင့်သုံးရှိ ဆာ့ဗ်တင်းနစ်သမားဖြစ်သည်။ အေတီပီပြိုင်ပွဲများတွင် ငါးကြိမ် အနိုင်ရရှိထားသူဖြစ်သည်။ သို့သော် သူသည် ပွဲပေါင်း ၁၀၀ကျော်ကို ကစားထားရသဖြင့် အနည်းငယ် ပင်ပန်းနေဟန်ရှိသော်လည်း အတွေ့အကြုံရင့်ပြီးသူဖြစ်သည်။ ၂၀၀၈ခုနှစ် ဩစတြေးလျ အိုးပင်း ပြိုင်ပွဲ၌ ၎င်းမည်သို့ လက်စွမ်းပြမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ၎င်းသည် ထိပ်တန်းတင်းနစ်သမား ရာဖေးနာဒဲလ်ကို ယှဉ်ပြိုင်မည့်သူအဖြစ် မြင်ကြသည်။



ဂျစ်စတင်းဟာနင်

ဂျစ်စတင်းဟာနင်သည် ၂၀၀၇ခုနှစ် ပြင်သစ်ပြိုင်ပွဲနှင့် အမေရိကန်ပြိုင်ပွဲများတွင် အနိုင်ရရှိထားသူ ဘယ်လ်ဂျီယံ တင်းနစ်မယ်တစ်ဦးဖြစ်သည်။ ၎င်းသည် ဩစတြေးလျ တင်းနစ် ပြိုင်ပွဲတွင် ၂၀၀၄ခုနှစ်က သရဖူဆောင်းခဲ့သူဖြစ်၍ ယခုနှစ်တွင်လည်း အနိုင်ရနိုင်မည်ဟု တစ်ပေးခံရသူဖြစ်သည်။ သူမသည် ၂၀၀၇ခုနှစ် ဩစတြေးလျပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲနိုင်ခဲ့ခြင်း မရှိပေ။ ၎င်းသည် ယခုနှစ် ဩစတြေးလျဖလားကို လက်ဝယ်ပိုင်ပိုင်ရလိုသောဆန္ဒဖြင့် ၂၀၀၈ခုနှစ် တင်းနစ်ပြိုင်ပွဲသို့ ခြေလှမ်းလာသူ ဖြစ်သည်။

ရာဖေးနာဒဲလ်

ရာဖေးနာဒဲလ်သည် မြေသားကွင်းတွင် ဘုရင်တစ်ပါးသဖွယ်ကစားနိုင်သော ထိပ်တန်း စပိန်တင်းနစ်သမားတစ်ဦးဖြစ်သည်။ သို့သော် ၎င်းသည် မည်သည့်အခါတွင်မျှ ဩစတြေးလျ တင်းနစ်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲအထိ ခြေမချခဲ့ဖူးသေးပေ။ ယခုအခါ ၎င်း၏လက်ရည်သည် အကောင်းဆုံးအနေအထား၌ရှိပြီး အလားအလာရှိသူတစ်ဦးအဖြစ် ရှုမြင်နိုင်သည်။

ဆီရီနာဝီလီယမ်

ဆီရီနာဝီလီယမ်သည် အမေရိကန်တင်းနစ်မယ် အကျော်အမော်တစ်ဦးဖြစ်သည်။ သူမသည် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် မာရီယာရှာယာပိုဗာကို အနိုင်ရခဲ့ခြင်းဖြင့် နာမည်ကြီးလာသူဖြစ်သည်။ သူမ၏လက်သာပုံမှန်ရှိနေလျှင် ဩစတြေးလျ အိုးပင်းပြိုင်ပွဲတွင် သူမကို အနိုင်ကစားနိုင်မည့်သူ မရှိသလောက်ပင်ဖြစ်ပေလိမ့်မည်။

✻ ကျောဖုံးမှ

လှည့်လည်ကြည့်ရှုအားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းသား၊ ကျောင်းသူများအား အင်္ဂလိပ်စာ နားလည်တတ်ကျွမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် မှာကြားကာ ကွန်ပျူတာနှင့် ဘက်ထရီ နှစ်လုံး ဝယ်ယူရန် ငွေကျပ် ရှစ်သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မယ်စဲ့မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မယ်စဲ့မြို့ရှိ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နယ်စပ်ဒေသများ အေးချမ်းသည်နှင့်အမျှ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားများအနေဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လက်တွဲကာ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးပမ်းကြစေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မယ်စဲ့မြို့ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဖားဆောင်းမြို့သို့ ရောက်ရှိကြပြီး ဖားဆောင်းတပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားကာ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဖားဆောင်းမြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဘော်လခဲမြို့ နယ်မြေခံတပ်နယ်ရှိ ဆင်ဖြူရှင်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကာ မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဘော်လခဲမြို့ ဘုရင့်နောင်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ရှားတောမြို့သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှားတောမြို့ အခြေခံပညာအထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှားတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မင်းက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

သုံးခွ အထက(၁)(၂) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း သုံးခွမြို့ အထက(၁) (၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၆ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် အထက(၁)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ အသက် (၆၀)ကျော် ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူဇော်ခံယူပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားပြီး အလှူငွေများကို ဦးသန်းထွန်း(ရွှေပင်ငွေပင်) ဖုန်း-၂၉၂၁၉၂၊ ဦးစောလှိုင်(လှကမ္ဘာ) ဖုန်း-၂၉၁၃၁၁၊ ဦးအုန်းကြွယ် ဖုန်း-၂၉၀၅၉၃၊ ဦးအောင်သန်း ဖုန်း- ၅၇၁၄၁၇ နှင့် ဦးမြသိန်း ဖုန်း- ၆၆၁၃၇၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ ရန်ကုန်မှ လိုက်ပါအပူဇော်ခံမည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ရန်ကုန်-သုံးခွ ကားဂိတ် (အေပီစီကားဂိတ်)မှ ယင်းနေ့ နံနက် ၈ နာရီအထိ စောင့်ကြိုပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထူးထူးခြားခြား နိုင်ငံတကာ အမြွှာပူးများ

အသက်အကြီးဆုံး သားသည် မိခင်

စပိန်နိုင်ငံမှ မာရီယာ ဒယ်လ်ကာမင်း ဘူဆာဒါလာရာ **(ယာပုံ)**ဆိုသူ အမျိုးသမီးကြီးသည် အသက် (၆၆)နှစ် ၃၅၈ ရက် အရွယ်တွင် အမြွှာသားယောကျ်ားလေး ခရစ္စတီယံနှင့် ပေါတို့ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က စပိန်နိုင်ငံ ဘာစီလိုနာမြို့ ဆေးရုံတစ်ရုံ၌ မွေးဖွားခဲ့ရာ ကမ္ဘာပေါ်တွင် အသက်အကြီးဆုံး ကလေးမွေးဖွားသူ မိခင်အဖြစ် ကမ္ဘာ့မှတ်တမ်းဝင်သွားခဲ့သည်။ သူမ၏ မွေးသက္ကရာဇ်မှာ ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီ ၅ ရက် ဖြစ်သည်။

အမြွှာပူးများ အများဆုံး စုဝေးပွဲ

၁၉၉၉ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က တရုတ်တိုင်ပေရှိ တိုင်ပေစီးတီးခန်းမ၌ စုဝေးကြသည့် အမြွှာပူးများ စုဝေးပွဲမှာ ကမ္ဘာပေါ်တွင် အမြွှာပူးအများဆုံး ပါဝင်ဆင်နွှဲသည့် ပွဲအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံခဲ့ရသည်။ အဆိုပါပွဲတွင် ကမ္ဘာတစ်ဝန်းမှ အမြွှာအတွဲပေါင်း (၃၉၆၁)တွဲ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(ဝဲပုံ)**

ကိုယ်ခန္ဓာ အထွားကျိုင်းဆုံး အမြွှာများ

နှစ်မြွှာပူး

ကမ္ဘာ့နှစ်မြွှာပူးကလေးများအနက် အထွားကျိုင်းဆုံး အမြွှာပူးမှာ မှတ်တမ်းများအရ ၁၉၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်က အမေရိကန်နိုင်ငံသူ မေရီအန်းဟတ်စ်ကင်ဆိုသူ မွေးဖွားသည့် အမြွှာပူးဖြစ်ပြီး ကလေးနှစ်ဦးပေါင်း၏ ကိုယ်အလေးချိန်မှာ ၂၇ ပေါင် ၁၂ အောင်စ ရှိသည်။

သုံးမြွှာပူး

သုံးမြွှာပူးမွေးဖွားသူ ကလေးများအနက် အထွားကျိုင်းဆုံးမှာ ၁၉၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က ယူနိုက်တက်ကင်းဒမ်း၌ မေရီမက်ဒါးမော့ဆိုသူ မွေးဖွားသည့် သုံးမြွှာပူးဖြစ်ပြီး စုစုပေါင်း အလေးချိန် ၂၄ ပေါင်ရှိကြောင်း သိရသည်။

လေးမြွှာပူး

လေးမြွှာပူးများအနက် အထွားကျိုင်းဆုံးမှာ ယူနိုက်တက်ကင်းဒမ်းမှ တီနာဆောင်ဒါ ဆိုသူ မွေးဖွားသည့် ယောကျ်ားကလေးနှစ်ဦးနှင့် မိန်းကလေးနှစ်ဦးဖြစ်ပြီး စုစုပေါင်း ကိုယ်အလေးချိန် ၂၂ ပေါင် ၁၅ ဒသမ ၇၅ အောင်စ ရှိသည်။

ငါးမြွှာပူး

ကမ္ဘာ့ငါးမြွှာပူး ကလေးများအနက် အထွားကျိုင်းဆုံး အမြွှာမှာ တရုတ်နှင့် အိန္ဒိယမှ ငါးမြွှာပူးကလေးများဖြစ်ပြီး အဆိုပါ အမြွှာပူးများမှာ ကိုယ်အလေးချိန် ၂၅ ပေါင်စီ တူညီနေသဖြင့် ကမ္ဘာ့မှတ်တမ်း၌ စံချိန်တူပူးတွဲမှတ်တမ်းဝင်လျက်ရှိသည်။ တရုတ်မှ လျူဆော်လီယင် ဆိုသူက ၁၉၅၃ ခုနှစ် ဇွန် ၇ ရက်တွင် ငါးမြွှာပူးမွေးခဲ့ပြီး အိန္ဒိယမှ မစ္စက် ကာမာလမ်မယ်ဆိုသူက ၁၉၅၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ငါးမြွှာပူး မွေးဖွားခဲ့ခြင်းဖြစ်သည်။

အသေးငယ်ဆုံး အမြွှာပူး

နှစ်မြွှာပူး

ကမ္ဘာ့အသေးငယ်ဆုံး အမြွှာပူးမှာ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် မေဝုဒ်၌ အိန္ဒိယနိုင်ငံသူ မဟာဂျာဘင်းရှိတ်ဆိုသူ မွေးဖွားသည့် အမြွှာပူးဖြစ်ပြီး စုစုပေါင်း ကိုယ်အလေးချိန်မှာ တစ်ပေါင်နှင့် ၁၃ ဒသမ ၅၇ အောင်စသာ ရှိသည်။ **(အပေါ်ပုံ)**

သုံးမြွှာပူး

ကမ္ဘာ့အသေးငယ်ဆုံး သုံးမြွှာပူးကလေးမှာ ပေတန်၊ ဂျက်ဆန်နှင့် ဘလိတ်ကော့ဖေး ဆိုသူ ကလေးငယ်သုံးဦးဖြစ်ပြီး စုစုပေါင်း ကိုယ်အလေးချိန် သုံးပေါင်နှင့် ၀ ဒသမ ၈ အောင်စသာ ရှိသည်။ ၎င်းတို့ကို အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတွင် ၁၉၉၈ ခုနှစ်က မွေးဖွားခဲ့ခြင်းဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"လမ်းနှစ်သွယ်"တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀-၂း၀၀	ဆောင်းလခါမီ၊ ဒါနဝေစည်၊ တူညီဆင်နွှဲ၊ ဆွမ်းလောင်းပွဲ
၈း၁၅-၂း၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	စဥ့်ကူးမြို့မှ အလင်းအိမ်
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	Cartoon Show Time (Flushed Away)
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
၁၀း၂၅-၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	အင်းမရိုးရာရက်ကန်းချည်ထည်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးပါးနီအသားလွှာပေါင်း)
၁၂း၁၅-၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	မိဂဒါဝုန်မြန်မာကျောင်းတိုက် နှစ်(၁၀၀)ပြည့်ခရီး
၁၂း၄၀-၆း၄၀	Apex Snooker and Pool Centre ဖွင့်ပွဲအခမ်းအနား
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Reading-Man Utd	ESPN(Live)
	Fulham-Arsenal	Star Sports (Live)
၁၁း၄၀	Newcastle-Bolton	Star Sports (Live)
၁၂း၀၀	Birmingham-Chelsea	ESPN(SDD)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Fiorentina-Torino	5-Cartoons(Live)

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာက ဘန်ဒါဆရီဘီဂါဝန်မြို့ Istana Nurul Iman နန်းတော်ရှိ Green Room ၌ ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

✪ **ရှေ့ဖုံးမှ**

ဘုရင်မင်းမြတ် က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာ စားပွဲကို ည ၈ နာရီ ၄၅ မိနစ်တွင် Istana Nurul Iman နန်းတော်ရှိ Green Room ၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုညစာ စားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်နှင့် တော်ဝင်မိသားစုများ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အိမ်ရှေ့မင်းသား HRH Prince Mohammad Bolkiah နှင့် ဝန်ကြီးများ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆန်နယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုတောင်းပတ္ထနာပြုကာ မိမိတို့အာဆီယံမိတ်ဆွေများ သက်တမ်းတစ်လျှောက် နှစ်နိုင်ငံဆက်ဆံရေးကို ပုဂ္ဂိုလ်ရေးခင်မင်ရင်းနှီးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ ဤပူးပေါင်းဆောင်ရွက်မှုများသည် ကနဦးတွင် ကျန်းမာရေး၊ ပညာရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးများမှ အစပြုခဲ့ပါကြောင်း။

ဤသို့ ပူးပေါင်းဆောင်ရွက်ခွင့်ရရှိသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဤအခြေခံကောင်းများသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနေသည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် ပြည်သူများ၏စွမ်းရည်မြှင့်တင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါကြောင်း၊ သို့ဖြစ်ရာ အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသည် မိတ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံချင်း ဒေသဆိုင်ရာအစီအစဉ်များအရ ကူညီနိုင်ရန် ကတိကဝတ်ထားရှိပါကြောင်း၊ အနာဂတ်ကာလတွင်လည်း ဤအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် ဘရူနိုင်းနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံသားများသည်လည်း မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်တို့အတွက် ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် (၁၀)နှစ်ကျော်ကာလအတွင်းတွင် ဒေသတွင်းအဖွဲ့အစည်းများ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်အတွင်းက စင်ကာပူသမ္မတနိုင်ငံတွင် အာဆီယံပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

အာဆီယံပဋိညာဉ်စာချုပ်နှင့် စပ်လျဉ်း၍ လတ်တလောအနေဖြင့် အချက်နှစ်ချက်ကို ဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ပထမအချက်မှာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် အဖွဲ့ဝင်များအားလုံး၏ ကတိကဝတ်ကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းသည် အရှေ့တောင်အာရှအနေဖြင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် ပိုမိုအရေးကြီးပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ပဋိညာဉ်စာချုပ်သည် စီးပွားရေးကဏ္ဍအတွက်သာမက နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးတိုးတက်မှုများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် စုစည်းပေးခြင်းပင်ဖြစ်ကြောင်း၊ ပဋိညာဉ်စာချုပ်သည် အဖွဲ့ဝင်နိုင်ငံများအကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများသာမက အားလုံးနှင့် သက်ဆိုင်သောကိစ္စများနှင့် စပ်လျဉ်းသည့်အမြင်များ၊ အတွေ့အကြုံများဖလှယ်နိုင်ရေးအတွက် ပိုမိုကောင်းမွန်သော အခွင့်အရေးများ ပေးထားပါကြောင်း။

ဤသို့ဆောင်ရွက်မည်ဆိုပါက အာဆီယံအသင်းကြီးသည် အနာဂတ်ကာလတွင် နိုင်ငံတကာအရေးကိစ္စများဆိုင်ရာ၌ ကုလသမဂ္ဂ၏ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရေးတွင် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် လွန်ခဲ့သည့်(၁၅)နှစ်ကာလအတွင်း မိမိတို့အကြားတည်ရှိခဲ့သည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည့် အခွင့်အရေးများအားလုံးကို ရှာဖွေသွားကြရန်ဖြစ်ကြောင်း။

အဆွေတော်ဝန်ကြီးချုပ်၏ ခရီးစဉ်သည် ဤအလားအလာကောင်းကို ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်သည့်အတွက် မိမိတို့အနေဖြင့် အဆွေတော်အား ဘရူနိုင်းနိုင်ငံတွင် လက်ခံတွေ့ဆုံခွင့်ရသည်ကို ဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ လာရောက်လည်ပတ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် အဆွေတော်၏ ဘရူနိုင်းနိုင်ငံခရီးစဉ်သည် ပျော်ရွှင်ချမ်းမြေ့သည့် ခရီးစဉ်ဖြစ်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဆွေတော်ဘုရင်မင်းမြတ်အနေဖြင့် မိမိဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဧည့်ဝတ်ပျူငှာစွာ ကြိုဆိုမှုများအတွက် ကျေးဇူးဥပကာရတင်ရှိပါကြောင်း၊ သာယာလှပသည့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်ပါကြောင်း၊ ထို့အပြင် ယခုခရီးစဉ်သည် နှစ်နိုင်ငံလုံးအတွက် အကျိုးဖြစ်ထွန်းစေပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရေးအတွက် များစွာအထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ယခုကဲ့သို့ ခမ်းနားစွာ နိုင်ငံတော် ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံသည့်အတွက် အဆွေတော်ဘုရင်မင်းမြတ်အား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး ဆုတောင်းပတ္ထနာပြုသည်။

ယင်းနောက် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်က နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်တွင် ဘရူနိုင်း ခေတ်ပေါ်တေးဂီတအဖွဲ့က တေးသံသာများဖြင့် သီဆိုတီးမှုတ် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Empire Hotel & Country Club သို့ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂုဏ်ပြုညစာ စားပွဲတွင် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (သတင်းစဉ်)

အား လက်ခံတွေ့ဆုံရသည်မှာ မိမိတို့အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်း၊ ယခုအဆွေတော်အား လက်ခံတွေ့ဆုံသည့်အခမ်းအနားသည် မိမိတို့အတွက် အထူးအရေးပါသည့် အခမ်းအနားတစ်ရပ် ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့နိုင်ငံကို ပထမဦးဆုံးလာရောက်သည့်ခရီးစဉ်ဖြစ်၍ မိမိတို့အစိုးရနှင့် ပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း။

အဆွေတော်အနေဖြင့် ဘန်ဒါဆရီဘီဂါဝန်မြို့ကို လာရောက်သည့်အတွက် မိမိတို့နိုင်ငံနှင့် ပြည်သူများအား ပိုမိုခင်မင်ရင်းနှီးကျွမ်းဝင်မှုရှိကာ ဝမ်းသာပျော်ရွှင်စွာရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များကိုလည်း လက်တွေ့မြင်တွေ့နိုင်လိမ့်မည်ဟုမျှော်လင့်ပါကြောင်း၊ ဘရူနိုင်းနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံကို လာရောက်ခွင့်ရတိုင်း မြန်မာနိုင်ငံပြည်သူများက ဧည့်ဝတ်ကျေပွန်မှုများကို ပြန်လည်ပေးဆပ်ခွင့်ရခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံတို့ သံတမန်အဆက်အသွယ် ထူထောင်ခဲ့သည်မှာ (၁၅)နှစ်ခန့်ကြာခဲ့ပြီဖြစ်ကြောင်း၊ သံတမန်ထူထောင်ပြီး

နိုင်ငံတော်ဝန်ကြီးချု…
ဘရူနိုင်း ဒါရုဆ…

နေ…

ပြည်ထောင်စုမြန်မာနိုင်ငံတော်… ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ… Seria ဒေသရှိ ဘရူနိုင်း Shell Petro…

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Oil and Gas Discovery Centre (OGDC) ဧည့်ခန်းဆောင်၌ Deputy Managing Director Mr.Haji Zainal Abidin Hj Md Ali က ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ Seria ဒေသ၌ ၁၉၁၅ ခုနှစ်တွင် ရေနံစတင်တွေ့ရှိ၍ ယနေ့အထိ ရေနံတူးဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ OGDC မှ Deputy Managing Director က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် OGDC Exhibition Hall သို့ သွားရောက်၍ ရေနံ စတင်တူးဖော်ခြင်း သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ရေနံတူးဖော်ရေးလုပ်ငန်း၏ မြေသားဖွဲ့တည်မှုပြကွက်များ၊ ရေနံတွင်းတူးစင်နှင့် ဆက်စပ်ပစ္စည်း ပြကွက်များနှင့် Electricity Exhibition ၏ ပြကွက်များကို ကြည့်ရှုလေ့လာကြရာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချု… Seria Crude Oil Terminal (SC… တရ ဓာတ်ပုံရိုက်ကြစဉ်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ အတီးပြိုင်ပွဲ

၈:၁၀ ၆။ တေးဂီတအစီအစဉ်

၈:၂၀ ၇။ ထပ်ဆင့်အောင်ပွဲ ဇရာဝတီတံတား (အေးဒရဲ)

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Essay.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်

၁၂:၃၀ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၁၂:၃၅ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စစ်သူကြီးဆွန်ကြီး” (အပိုင်း–၅)**

၁:၀၀ ၈။ ပညာရေးအတွက် ICT

၁:၂၀ ၉။ **“စက်မှုဖွံ့ဖြိုးတို့တိုင်းပြည်အကျိုး” (ဖြိုးငွေစိုး၊မိုးဒီ၊စောနိုင်–ရှမ်းပြည်၊ သဇင်၊နှင်းဆီ၊ ခင်မို့မို့အေး) (ဒါရိုက်တာ–တင်အောင်ရွှေ–သုတေသီ)**

၁:၄၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၁:၅၅ ၁၁။ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် ၂၀၀၇–၂၀၀၈ (အပိုင်း–၂)

၂:၁၀ ၁၂။ အတီးပြိုင်ပွဲ

၂:၂၅ ၁၃။ **“သတိနဲ့ယှဉ် အသိနဲ့ပြင်” (အပိုင်း–၁) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ဟန်နီထွန်း၊**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံရှိ Shell Petroleum သို့ သွားရောက်ကြည့်ရှုလေ့လာ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ Seria ဒေသ ဘရူနိုင်း Shell Petroleum ရေနံမြေရှိ OGDC Exhibition Hall တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ Seria ဒေသရှိ ဘရူနိုင်း Shell Petroleum ရေနံမြေသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား Oil and Gas Discovery Centre (OGDC) ဧည့်ခန်းဆောင်၌ Deputy Managing Director Mr.Haji Zainal Abidin Hj Md Ali က ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ Seria ဒေသ၌ ၁၉၁၅ ခုနှစ်တွင် ရေနံစတင်တွေ့ရှိ၍ ယနေ့အထိ ရေနံတူးဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ OGDC မှ Deputy Managing Director က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် OGDC Exhibition Hall သို့ သွားရောက်၍ ရေနံ စတင်တူးဖော်ခြင်း သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ရေနံတူးဖော်ရေးလုပ်ငန်း၏ မြေသားဖွဲ့တည်မှုပြကွက်များ၊ ရေနံတွင်းတူးစင်နှင့် ဆက်စပ်ပစ္စည်း ပြကွက်များနှင့် Electricity Exhibition ၏ ပြကွက်များကို ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်ဝန်ကြီးများ၊ OGDC မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Seria Crude Oil Terminal (SCOT) သို့ ရောက်ရှိကြပြီး ဧည့်ခန်းဆောင်၌ Hydrocarbon Processing မှ Asset Manager Haji Mohammad bin Haji Jaya နှင့် Brunei Shell Petroleum Co.SDN. BHD မှ Head of Operations (Scot) ဖြစ်သူ Mr. Henny Reerink တို့က ရေနံစိမ်းထုတ်လုပ်မှုနှင့် ရေနံချက်လုပ်မှု လုပ်ငန်းစဉ်များ၊ ရေနံသိုလှောင်ကန်များဖြင့် သိုလှောင်ရရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် အလားအလာများကို ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင် ဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ Mr. Henny Reerink က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Computer Control ခန်းကို ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Seria Crude Oil Terminal ရှိ ရေနံစိမ်းချက်စက်ရုံ၊ ရေနံသိုလှောင်ကန်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် ဧည့်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား Asset Manager, Haji Mohammad bin Haji Jaya က အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ SCOT မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဘရူနိုင်း Shell Recreation Club ရှိ Cendrawasih Ballroom ၌ ဘရူနိုင်း Shell Petroleum က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား Deputy Managing Director, Mr. Haji Zainal Abidin Hj Md Ali က အမှတ်တရ လက်ဆောင်ကို ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အမှတ်တရလက်ဆောင်ကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုသည့် Empire Hotel & Country Club သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညနေ ၃ နာရီခွဲတွင် Empire Hotel & Country Club ပဥ္စမထပ်ရှိ အစည်းအဝေးခန်းမ၌ ဘရူနိုင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (Brunei Economic Development Board)(BEDB) နှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင် အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Honourable Pehin Haji Suyoi၊ BEDB ခေတ္တဥက္ကဋ္ဌ Dato Paduka Timothy Ong၊ Sungai Liang Authority ဥက္ကဋ္ဌ Yam Pengiran Kerma Jaya Pengiran Kamareu Zaman နှင့် အဖွဲ့ဝင်များ၊ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါလာကြသော စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား BEDB ခေတ္တဥက္ကဋ္ဌ Dato Paduka Timothy Ong က ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ နိုင်ငံခြားနှင့် ဖက်စပ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ BEDB ခေတ္တဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က BEDB ခေတ္တဥက္ကဋ္ဌအား အမှတ်တရ လက်ဆောင်ပစ္စည်းကို ပေးအပ်ပြီး တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ Seria Crude Oil Terminal (SCOT) မှ တာဝန်ရှိသူများ အမှတ်တရ ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား Oil and Gas Discovery Centre (OGDC) မှ Deputy Managing Director, Mr. Haji Zainal Abidin Hj Md Ali ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

၁၂:၃၀ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၂:၃၅ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း–၅)**
၁:၀၀ ၈။ ပညာရေးအတွက် ICT
၁:၂၀ ၉။ **"စက်မှုဖွံ့ဖြိုး တို့တိုင်းပြည်အကျိုး" (ဖြိုးငွေစိုး၊မိုးဒီ၊စောနိုင်–ရှမ်းပြည်၊ သဇင်၊နှင်းဆီ၊ ခင်မို့မို့အေး) (ဒါရိုက်တာ–တင်အောင်ရွှေ–သုတေသီ)**
၁:၄၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁:၅၅ ၁၁။ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ၂၀၀၇–၂၀၀၈ (အပိုင်း–၂)
၂:၁၀ ၁၂။ အတီးပြိုင်ပွဲ
၂:၂၅ ၁၃။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်" (အပိုင်း–၁) (ဝါးခယ်မရဲမောင်၊ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ဟန်နီထွန်း၊ ရတနာခင်၊ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး) (ဒါရိုက်တာ–မင်းအုပ်စိုး)**
၂:၃၅ ၁၄။ ကူးလူးဆက်သွယ် ချစ်ကြိုးနွယ် (ကရင်ပြည်နယ်၊ မွန်ပြည်နယ်)
၂:၄၅ ၁၅။ International News.
၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၅:၁၉ ၆။ အတီးပြိုင်ပွဲ
၅:၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွေ့
၅:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၇:၀၀ ၁၂။ ထွက်နှုန်းများလွန်တိုးပွား လွန်ကျော်ခြိမ့်ငွေချည်(၆) စွမ်းအား
၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူအားမာန်" (အပိုင်း–၅)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း–၁၃)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ဝေဠုဝန်နိကာယ ဝိနယပရိယတ္တိစာမေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

(၂၄)ကြိမ်မြောက် ဝေဠုဝန်နိကာယ ဝိနယပရိယတ္တိစာမေးပွဲကို ဖေဖော်ဝါရီ ၁ ရက်၊ ၂ ရက် (ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၁၁ ရက်) နေ့တို့တွင် စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် သာသနပဗ္ဗောတာရုံ အလယ်တိုက်ကျောင်းတွင် ကျင်းပမည်ဖြစ်ရာ စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး နာယက ဆရာတော်များ၊ စာထောက် စာမ ဆရာတော်များ၊ စာမေးပွဲဝင် သံဃာတော်များ အပါး ၂၅၀ ကြွရောက်ကြမည်ဖြစ်၍ ဆွမ်း၊ ကွမ်း၊ နဝကမ္မ အစရှိသော လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဝေဠုဝန်ကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အောင်မြေပိဋကစာသင်တိုက် ဓမ္မပိဋကကျောင်းဆောင်သစ် တတိယအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက် ဟသ်ာလမ်း အောင်မြေပိဋကစာသင်တိုက် ဆရာတော် ဒေါက်တာ အရှင်အာဒိစ္စဝံသ မွေးနေ့မင်္ဂလာနှင့် ဓမ္မပိဋကလေးထပ်ဆောင် ဆောက်လုပ်နိုင်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီ မိနစ် ၃၀ တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ အလှူရှင် အသီးသီးတို့က စုစုပေါင်းကျပ်ငွေ ၂၅သိန်း ပေးအပ်လှူဒါန်းကြပြီး ကျောင်းဖြစ်မြောက်ရေးကော်မတီ ဦးအောင်ခိုင်၊ ဦးမြင့်လွင်၊ ဒေါ်စန်းစန်းနုနှင့် ဗိုလ်ကြီးဝင်းသန့်တို့က လက်ခံကြသည်။ **(ဓါတ်ပုံ)**

ကျောင်းဆောင်သစ်အတွက် ပါဝင်လှူဒါန်းလိုပါက အောင်မြေပိဋကစာသင်တိုက် ဆရာတော် ဒေါက်တာ အရှင်အာဒိစ္စဝံသ ဖုန်း–၅၆၂၀၂၅ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကြေးမုံ The Mirror မှုခင်းသတင်းများ

ဆီတင်ကားဘီးပေါက်၍ အိမ်ကိုဝင်တိုက်မိ နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

ပဲခူးတိုင်း ပဲခူးမြို့ရှိ ရန်ကုန်–မန္တလေး လမ်းမကြီးဘေး အုန်းတောစားသောက်ဆိုင်ရှေ့တွင် ဇန်နဝါရီ ၁၇ ရက် ည ၇ နာရီ ၄၅ မိနစ်က ပုဂ္ဂလိကပိုင် ဂါလန် ၂၈၀၀ ဆံ့ ဆီတင်ကားသည် ကားဘီးပေါက်၍ အနီးရှိအိမ်သို့ ဝင်တိုက်ရာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးသေဆုံးပြီး လူသုံးဦး ဒဏ်ရာရရှိကာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ ဒဏ်ရာရရှိသူ လူနာများအား ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ်၌ ငွေကျပ်သိန်း ၆၀ကျော်ခန့် ပျောက်ဆုံး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်(၁၆/၂)ရပ်ကွက်၊ သုဒဿန (၄)လမ်းနေ ဒေါ်ဌေးဌေးမြင့်သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၈နာရီခန့်က တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ (၈) လမ်းရှိ ၎င်း၏ အိမ်သစ်ဆောက်လုပ်ရာနေရာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ယင်းနေ့ နံနက် ၉ နာရီ၌နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ နေအိမ်တံခါးပွင့်နေသဖြင့် လက်ဝတ်ရတနာပစ္စည်းများထားရှိသည့် ဗီရိုအံဆွဲကိုဖွင့်ကြည့်ရာ အံဆွဲအတွင်း ထည့်ထားသည့် စိန်ရွှေရတနာ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၆၀၇၀၀၀၀ ခန့် ပျောက်ဆုံးနေသည့်အပြင် ၎င်းနှင့်မျက်နှာချင်းဆိုင်အခန်းနေ မလဲ့လဲ့နိုင်၏ နေအိမ်ခန်းမှလည်း ငွေကျပ် ၈၀၀၀၀၀ ကျော်ခန့် ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သဃ်န်းကျွန်းမြို့နယ်ရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲစခန်းက (ပ)သတင်းချက် အမှတ် ၉၃/၂၀၀၈ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်တီစံမဟာစည်ရိပ်သာတရားစခန်းပွဲနှင့်အလှူငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် လယ်တီစံမဟာစည်သာသနာ့ရိပ်သာတွင် လစဉ် ၂၀ ရက် ညနေမှ ၃၀ ရက်ထိ ၁၀ ရက်တရားစခန်းကို လယ်တီစံ မဟာစည် ဆရာတော်များနှင့် အရှင်နန္ဒသာရ သာသနဓဇဓမ္မာစရိယ B.Sc (Physics) Dip (B-Dh) ဆရာတော်တို့က မဟာသတိပဋ္ဌာန် တရားတော်များကို ကျေးဇူးရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားတော်မူမည်ဖြစ်ကြောင်းနှင့် ဆွမ်းချက်ဆောင်အတွက် (ဦးဘာဂီမာန်ဆုဘား–ဒေါ်မာယာဆုဘား) တို့အား ရည်စူး၍ မောင်နှမတစ်စု၊ မဟာဗန္ဓုလလမ်းမှ ကျပ်သိန်း ၄၀၊ ဦးစိန်–ဒေါ်အေးတို့အား အမှူးထား၍ မိသားစုများ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းမှ ကျပ် ၁၀ သိန်း၊ (မိဘနှစ်ပါးနှင့် ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေ) တို့အား ရည်စူး၍ ဒေါ်ကျင်မြမိသားစု လိပ်ကန်လမ်း ပုဇွန်တောင်မှ ကျပ်ခုနစ်သိန်း၊ (ဦးကျော်ရင်)+ဒေါ်စိန်မြင့်မိသားစု ကျောင်းလမ်း တောင်လုံးပြန်မှ ကျပ်နှစ်သိန်း၊ ဦးသိန်းအားရည်စူး၍ အောင်ပန်းဖိနပ်ဆိုင် နွယ်နီလမ်း၊ ပုဇွန်တောင်မှ ကျပ်တစ်သိန်းတို့ကို လာရောက်လှူဒါန်းကြသည်။ စေတနာရှင်များအနေဖြင့် ဖုန်း ၀၁–၂၀၁၆၃၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

(၈)မိုင်လမ်းဆုံအနီး၌ ခရီးသည်တင်ယာဉ်တစ်စီး ချိုးကွေ့ရာမှ နောက်ဘော်ဒီပြုတ်ကျကာ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက် (၈)မိုင်လမ်းဆုံ မီးပွိုင့်အနီး၌ ယမန်နေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က ယာဉ်မောင်း ဦးမင်းအောင်မောင်းနှင့်ပြီး နိုင်လင်းအောင်က ယာဉ်နောက်လိုက်အဖြစ် လိုက်ပါလာသည့် မြောက်ဥက္ကလာပမှ ကြည့်မြင်တိုင်သို့ ပြေးဆွဲသည့် အမှတ်(၁၀၂) အဝါယာဉ်လိုင်းမှ ဒိုင်နာအမျိုးအစား (အဖြူရောင်) ယာဉ် အမှတ် (၆က/၃၇၄၂)သည် ကမ္ဘာအေးစေတီလမ်းမှ ပြည်လမ်းဘက်သို့ ချိုးကွေ့စဉ် နောက်ဘော်ဒီ ပြုတ်ကျမှု ဖြစ်ပေါ်ခဲ့သည်။ ဘော်ဒီပြုတ်ကျမှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် အမျိုးသားတစ်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်းရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ ပို့ဆောင်ကုသထားရသည်။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်မှာ ထွက်ပြေးနေပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီးတစ်ဦး ဓားထိုးခံရ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် ဓေယျာဝတီလမ်း အမှတ် (၁၉/၂၃)၊ (ဘီ/၆)တွင် တစ်ဦးတည်းနေထိုင်သည့် မခင်အေးရွှေ (ခ)ငွမ်းပုံ (၂၅)နှစ် (ဘ)ဦးထွန်းရွှေသည် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က ဓားဒဏ်ရာများဖြင့် လဲကျမေ့မြောနေသည်ကို အနီးဝန်းကျင်နေ မိတ်ဆွေများက တွေ့ရှိ၍ စမ်းချောင်းရဲစခန်းသို့ အကြောင်းကြားခဲ့သည်။ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ၎င်း၏ ရင်ဘတ်၌ ပွန်းပဲ့ဒဏ်ရာ နှစ်ချက်၊ ဝဲဘက်နို့အုံတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ လည်ပင်းတွင် ပွန်းပဲ့ဒဏ်ရာတစ်ချက် စသည့် ဒဏ်ရာများ ပြင်းထန်စွာ ရရှိထားသည်ကို တွေ့ရှိ၍ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသထားရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ စမ်းချောင်းရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၃၁/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အငှားယာဉ်ကို ရှာဖွေရာမှ လောင်းကစား စာရွက်စာတမ်းများနှင့် ငွေကြေးများရမိ

ရန်ကုန် ဇန်နဝါရီ ၁၈

မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် တော်ဝင်လမ်းနှင့် ပြည်လမ်းဆုံ မီးပွိုင့်၌ ဇန်နဝါရီ ၁၆ ရက် ညနေ ၅နာရီခွဲခန့်တွင် သတင်းအရ ရဲအုပ်ညိုပုနှင့် ပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမှ ရန်ကုန်သို့ မောင်းနှင်လာသော ဆလွန်းကားအငှားယာဉ်အား ရှာဖွေရာ ယာဉ်ပေါ်ပါ ဒဂုံမြောက် (၃၈) ရပ်ကွက်နေ အောင်မျိုးနိုင် (၃၃) နှစ်၊ မစန်းမွန်အေး (၃၄) နှစ်၊ မြောက်ဥက္ကလာပနေ ယာဉ်မောင်း သန်းထိုက် (၃၆)နှစ်နှင့် ၎င်း၏ ဇနီး မလှလှထွေး (၄၂)နှစ်တို့ထံမှ နှစ်လုံးထီ လောင်းကစား စာရွက်စာတမ်းများ၊ လောင်းကြေးငွေကျပ် ၂၉၄၁၂၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့၍ အရေးယူပေးရန် တိုင်ကြားသည်ဟု သိရသည်။

မရမ်းကုန်း ရဲစခန်းမှ (ပ) ၃၂/၂၀၀၈ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် ယင်းနေ့တွင်ပင် အမှုဖွင့်ပြီး ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၃၁)

ရွှေပေါက်ကံ့စက်မှုဇုန် ဒန်ပြားစက်ရုံတွင် အလုပ်သမားတစ်ဦး စက်ညပ်၍သေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ့စက်မှုဇုန် ချယ်ရီလမ်းရှိ ဒန်ပြားစက်ရုံတွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၇ နာရီခွဲခန့်က စက်ထိုးဆရာ မောင်ဇော်မျိုးထွန်း (၂၁)နှစ် (ဘ)ဦးမြတ်သူသည် ၎င်းအလုပ်လုပ်နေသည့် ဒန်ပြား အကြမ်းကြိတ်စက်အတွင်း ညပ်မိ၍ ယာလက်ကျိုးကြေ၊ ယာမျက်ခုံး ပေါက်ပြဲနှင့် ခန္ဓာကိုယ် ပွန်းပဲ့ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည်။ စက်ရုံတာဝန်ရှိသူများက အလောင်းကို မြောက်ဥက္ကလာပဆေးရုံသို့ ပို့ခဲ့ရာ ဆေးရုံမှ အလောင်းအမှတ် ပီအာ–၃၄ ဖြင့် လက်ခံခဲ့ပြီး သေဆုံးရသည့် အကြောင်းရင်းမှန်ကို သိရှိရန် ရွှေပေါက်ကံ့ရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၃/၂၀၀၈ဖြင့် ရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လမ်းဖြတ်ကူးသူ သီလရှင်တစ်ပါးအား အငှားယာဉ်ကတိုက်မိပြီး မောင်းနှင်ထွက်ပြေး

ရန်ကုန် ဇန်နဝါရီ ၁၈

ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းဆုံ၌ လမ်းဖြတ်ကူးသူ သီလရှင်တစ်ပါးအား အငှားယာဉ်တစ်စီးက တိုက်မိ၍ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့လိုက်ရသော ယာဉ်တိုက်မှုတစ်ခု ဇန်နဝါရီ ၁၆ ရက်ညက ဖြစ်ပွားခဲ့သည်ဟု သိရသည်။

မောင်းနှင်ထွက်ပြေးသွား

ယင်းနေ့ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ကုန်သည်လမ်းအတိုင်း အရှေ့မှအနောက်သို့ ယာဉ်မောင်း သန်းကျော်ထွန်း (၃၃)နှစ် လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်လာသော ၈/၃၃၃၂ မာဇဒါဖယ်မလီယာပစ်ကပ် အပြာရောင် အငှားယာဉ်သည် ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းဆုံအရောက်၌ ကုန်သည်လမ်းအတိုင်း မြောက်မှ တောင်သို့ လမ်းဖြတ်ကူးသူ သီလရှင် ဒေါ်အောင်ဓမ္မဝိဇ္ဇာ (၇၁)နှစ် (၃၀)ဝါ နော်မန်ကျောင်းကြီးတိုက် မင်္ဂလာတောင်ညွန့်မြို့နယ်နေသူအား ဝင်ရောက်တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားသည်ဟု သိရသည်။

ယာဉ်တိုက်ခံရသူ သီလရှင်မှာ ဦးခေါင်းနောက်စေ့ဖူးရောင်၊ နဖူးပေါက်ပြဲဒဏ်ရာရရှိခဲ့၍ ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် ကုသထားရပြီး သက်ဆိုင်ရာက (ပ) ၄၄/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈/၂၀၂ ဖြင့် ယင်းနေ့တွင်ပင် အမှုဖွင့်ပြီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၃၁)

အထက(၆) ဗိုလ်တထောင်(စိန်ပေါလ်) အာစရိယ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ဗိုလ်တထောင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ယခင်(စိန်ပေါလ်)ကျောင်း၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင် ကျောင်း၌ ကျင်းပမည်ဖြစ်ရာ (၁၉၆၅ မှ ၁၉၈၀)အထိ ဆရာ၊ ဆရာများအားလုံးနှင့် (၁၉၈၁မှ ၂၀၀၇)ခုနှစ်အထိ သက်ပြည့် အငြိမ်းစား ဆရာ၊ ဆရာမများ၊ ကျောင်းသားဟောင်းများအားလုံး ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ဦးမောင်မောင်အေး ဖုန်း–၂၂၇၃၂၂၊ ဦးသက်ချိုဦး ဖုန်း–၂၄၆၄၇၀၊ ဦးဝင်းလှိုင်ညွန့် ဖုန်း–၂၄၆၃၁၃နှင့် ဦးမြင့်ထွန်း ဖုန်း–၂၄၉၃၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၁–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **–"တစ်ဦးတည်းသောသား" –(ပထမပိုင်း) –လူမင်း၊ ထွန်းအိန္ဒြာဗို –(ဒါရိုက်တာ–မောင်တင်ဦး)**
၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း–၂၈)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ လူ့ရွှင်တော်ရွှေဖလား
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –နီလာလက်ကောက် (အပိုင်း–၃၀)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

လှိုက်လှဲဝမ်းမြောက်စွာဂုဏ်ပြုခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၈) ဖြင့် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင်

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်

ထပ်မံချီးမြှင့်ခြင်းခံရသော

သီရိသုဓမ္မမဏိဇောတဓရ ဦးဇော်မင်းဇင်

(မန်နေဂျင်းဒါရိုက်တာ - Z.G.S Co.,Ltd) (ဥက္ကဋ္ဌ - Thet Ka Moe Nat Min Co.,Ltd)

အား လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

ဆတက်ထမ်းပိုးတိုးတက်ပြီး နိုင်ငံ့အကျိုး၊ အများအကျိုး၊ ဝန်ထမ်းမိသားစုများအကျိုးတို့ကို ထူးချွန်စွာ ဆက်လက် အကျိုးပြုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

- Z.G.S Co.,Ltd ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ၊
- ရာပြည့်၊ ကမ္ဘာ့သစ် စတိုးဆိုင်ဝန်ထမ်းများ၊
- Thet Ka Moe Nat Min Co.,Ltd ဒါရိုက်တာအဖွဲ့နှင့် အင်ဂျင်နီယာဌာန ဝန်ထမ်းများ၊
- ရွှေလယ်ဝန်စိုက်ပျိုးရေးခြံ (ညောင်နှစ်ပင်) ဝန်ထမ်းများ။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တတိလောကမထေရ် သက်တော်(၉၀)ပြည့် ဝိဇာတမင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်း ရွှေဘိုမြို့ မြို့ထောင့်စေတီတော် သာသနာ့ရိပ်သာ ပဓာနနာယက ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ၏ ဥသျှောင်ဩဝါဒါစရိယ မြို့ထောင့်စေတီတော် ဘုရားကြီး၊ လောကမာရဇိန်ဘုရားကြီးများ၏ ဩဝါဒါစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တတိလောကမထေရ် အရှင်မြတ်၏ သက်တော် (၉၀)ပြည့် ဝိဇာတမင်္ဂလာပွဲနှင့် သံဃာ့ဒါန ဆွမ်းလောင်းပွဲတော်ကြီးကို ဇန်နဝါရီ ၂၂ ရက် (ပြာသိုလပြည့်)နေ့တွင် သံဃာအပါး ၁၀၀၀ အား ဆွမ်းလောင်းလှူမည်ဖြစ်ပါ၍ လှူဒါန်းလိုသူ ကုသိုလ်ရှင်များ ဖုန်း-၀၇၅-၂၁၈၂၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဂုဏ်ပြုဆုတောင်းလွှာ

မွေးမိခင်-**သီရိသုဓမ္မသိင်္ဂီဒေါ်ဒေါ်ကျင်** အား ၂၀၀၈ခုနှစ်တွင် နိုင်ငံတော်မှ **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ** ဘွဲ့ ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲဝမ်းသာဂုဏ်ပြုပါသည်။

သားသမီးတို့အတွက် တသသမြတ်နိုးစေအပ်သော မွေးမိခင်၊ မြေးတို့အတွက် အေးချမ်းရိပ်ဖြန့်ဝေမည့်ဘွားဘွားအဖြစ် သာသနာတော်အကျိုး၊ သတ္တလောကအကျိုးတို့ကို ထပ်၍ထပ်၍ပြုပေးနိုင်ပါစေဟု ဆန္ဒပြုရင်း ရှင်လန်းချမ်းမြေ့ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားနှင့်သမီးငယ် - ဦးစိန်ဝင်း-ဒေါ်စန်းစန်းသိန်း [ထူးခြားကော်ဖီခြံ(ပြင်ဦးလွင်)]
မြေးများ - မသွဲ့ကေသျှင် (နည်းပညာတက္ကသိုလ်၊ သန်လျင်)၊
မဟိန်းထက်ညို (အထက-၂၊ လသာ)

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၀၈)ဖြင့် **လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)** ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသော ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်(နတ်တလင်း)နှင့် စိန်ရတနာသမအသင်းလီမိတက်တို့၏ ဥက္ကဋ္ဌ **ဦးဇော်လွင်ဦး** အား နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်(နတ်တလင်း)အကျိုးဆောင်အဖွဲ့၊
ဒါရိုက်တာနှင့်ဝန်ထမ်းများ
စိန်ရတနာသမအသင်းလီမိတက်

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၈)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့် **ဦးထွန်းဝင်း (ခေါ်) ဦးအာဝါး (စံပြရွှေငါးကုမ္ပဏီ)** အား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက်-

ဦးရဲဆွေ - ဒေါ်တင်အေး
မိသားစု၊ မြိတ်မြို့

နှစ်သစ်ကူး အထူးလျှော့ဈေး

Uni Asia Trading Co., Ltd. မှ ရေသန့်စက်နှင့် အပိုပစ္စည်းအမျိုးမျိုးတို့ကို **ဖေဖော်ဝါရီလ(၁၀)ရက်** နေ့အထိ **အထူးလျှော့ဈေး** ဖြင့် ရောင်းချပေးနေပါပြီ။

ရေသန့်စက်များကိုလည်း အိမ်တိုင်ယာရောက် တပ်ဆင်ပေးပါသည်။

'တိုက်အမှတ် (၅၀၇)၊ အခန်း (၂)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်'

☎ ၉၅-၁-၃၈၄၈၉၆၊ ၃၈၅၁၂၁၊ ၀၉-၅၁၄၀၁၄၄၊ ၀၉-၅၁၁၃၀၁၀

တီဗွီ - 1

ကားမောင်းစက်ပြင်သင်တန်း

မ/ဒဂုံယာဉ်မောင်းသင်ကွင်း။ U-9 ကွက်။ ☎: 09-5120433
သိမ်ဖြူအမောင်းသင်ကွင်း။ ☎: 298787, 201188
အမှတ်(၂၁၈)၊ ကျိုက္ကဆံလမ်း။ ☎: 545155, 549764

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

သူငယ်ချင်း တင်ဝင်းလှိုင်(ခ)ပေါက်ကြီး ၁၂-၁-၂၀၀၈ ရက်နေ့တွင် ချောင်းသာကမ်းခြေ၌ နိုင်ငံတကာအဆင့်မီ Belle Resort Hotel အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝင်းဗိုလ်အေး - နန်းရေစင်ဦး
သန်းသန်းအေး(ခ)ချယ်ရီ၊ ခင်သင်းဝေ၊ ပြုံးပြုံးအေး
၁၉၈၂ခုနှစ် ဥပဒေဘွဲ့ရ သူငယ်ချင်းများ

NAING Group
Home Decoration Centre

- စိတ်ကျေနပ်မှုရရှိစေမည့်လက်ရာ
- အကောင်းဆုံးဝန်ဆောင်မှု
- ဈေးနှုန်းမှန်ကန်မှု
- အရည်အသွေးမီ ပစ္စည်းများသုံးစွဲမှု
- အပ်နှံသော Customer ၏ စိတ်ကြိုက် Design များကို အခမဲ့ဆွဲပေးမည့် ဝန်ဆောင်မှု .....

5% Discount

Customer တို့၏ ထောက်ခံမှုကို အပြည့်အဝရရှိနေသော NAING Group Home Decoration Centre ကို ဆက်သွယ်အပ်နှံနိုင်ပါပြီ။

ရန်ကုန် အမှတ်(၁၁၇/၁၂၇)၊ ၃၃လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။ Ph: 951-248082, 383658, 381707 Fax:373759

နေပြည်တော်ပျဉ်းမနား အမှတ်(၁၀/၇)၊ ဗိုလ်ချုပ်လမ်း၊ ရွှေချိုရပ်၊ နေပြည်တော် ပျဉ်းမနားမြို့။ Ph: 067-23107

မန္တလေး အခန်းအမှတ် B_2(3)၊ ၃၂လမ်း၊ ၇၇ x ၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ Ph: 02-89173

ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် **သီရိသုဓမ္မသိင်္ဂီ ဆရာမကြီး ဒေါ်အေးအေးခန့်(ခ) ဒေါ်ခင်စန်းကြည် (မြန်မာ့ရတနာ JEWEL-LERY Co.Operative Stores No.15 Ltd. ဥက္ကဋ္ဌ)** အား **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးထွန်းကြွယ် (ဒါရိုက်တာအဖွဲ့ဝင်)
ဦးထွန်းသီ [စတိုး (၁၀) ဥက္ကဋ္ဌ]
ဦးမောင်မောင်လေး (ဒါရိုက်တာအဖွဲ့ဝင်)
ဒေါ်သီတာဝင်း (အတွင်းရေးမှူး)
မအေးမြခိုင် (မန်နေဂျင်းဒါရိုက်တာ)
ဦးခင်မောင်ရင် (စည်းစိမ်ရတနာ)
ဦးဉာဏ်မြင့် (လမ်းမတော် သ/မ ဦးစီးမှူး)

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့်ပြည်တွင်းပြည်ပသာသနာပြုလျက်ရှိပါသော **Jewel Rock (Gems & Diamond)** စိန်ရတနာလုပ်ငန်းပိုင်ရှင် **ဒေါ်မာမာ** အား (**သုဓမ္မသိင်္ဂီ**)ဘွဲ့တံဆိပ်ကို ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိဘ၊ အစ်ကို၊ အစ်မ၊ မောင်၊ ညီမများမှ အထူးပင်ကြည်နူးဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် ချစ်သောမိသားစုများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်၍ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်အကျိုး၊ နိုင်ငံတော်အကျိုးတို့ကို ဆတက်ထမ်းပိုးဆက်လက်သယ်ပိုးဆောင်ရွက် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိခင်ကြီး	-	ဒေါ်တင်မြင့် (သီရိသုဓမ္မသိင်္ဂီ)
အစ်မ	-	ဦးအေးမောင် + ဒေါ်နီနီ (စိန်စမ္ပာယ်ဖူးစိန်တိုက်၊ မန္တလေး)
ညီမ	-	ဒေါက်တာခင်မောင်ဝင်း+ ဒေါက်တာဝေဝေ (**Diamond Land** စိန်အရောင်းပြခန်း၊ ရန်ကုန်)
မောင်	-	ကိုဝင်းနိုင် + မစမ်းစမ်း (**Win & San** စိန်တိုက် ၊ ရန်ကုန်)
ညီမ	-	မိုးမိုး (ခ) မဘုတ် (စိန်ကမ္ဘာစိန်တိုက်၊ မန္တလေး)

ကျွန်းလှမြို့နယ်အသင်း သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အလုံမြို့နယ် ဆဒ္ဒန်လမ်းရှိ အောင်စေတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်၍ ရန်ကုန်ရောက် ကျွန်းလှမြို့နယ်သူ/မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက်(၇၅)နှစ်နှင့်အထက် အဘိုး အဘွားများ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်သော ရန်ကုန်မြို့ရှိ ကျွန်းလှမြို့နယ်သူ/မြို့နယ်သားများ၏ သားသမီးများသည် ဦးရွှေကျော် ဖုန်း-၆၄၃၉၆၃၊ ဦးသိန်းထွန်း ဖုန်း-၅၇၄၈၉၃၊ ဦးဇော်ညွန့် ဖုန်း-၅၃၇၆၉၀၊ ဦးစိန်မောင် ဖုန်း-၀၉၅၀၁၀၆၄၈ တို့သို့ ဆက်သွယ် သတင်းပေးပို့ကြရန် နှိုးဆော်ထားသည်။

(က-ပ)

လှိုက်လှဲစွာ ဝမ်းမြောက် ဂုဏ်ယူခြင်း

မြဝတီထရေးဒင်းလီမိတက် နှင့် မိတ်ဆွေရင်းပမာ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် ရှိသော မြန်မာဘရူဝါရီ လီမိတက်သည် နိုင်ငံတကာအသိအမှတ်ပြု **ISO 22000: 2005 (အစားအသောက်ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးစီမံမှုစနစ်)** လက်မှတ်ရရှိသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်အပ်ပါသည်။

တီတီတီအင်တာ နေရှင်နယ်ကုမ္ပဏီလီမိတက်

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် - ၁/၂၀၀၈ ဖြင့် သစ်ချိုသရက်ပင်ရွှေကျောင်းကြီးတိုက်၏ ထာဝရအလှူရှင် **သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း** အား **"သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဆရာတော် သုန္ဒရနှင့် ဒါယကာ၊ ဒါယိကာမများ
(သစ်ချိုသရက်ပင်ရွှေကျောင်း)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မြဝတီထရေးဒင်းလီမိတက် နှင့် မိတ်ဆွေရင်းပမာ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် ရှိသော မြန်မာဘရူဝါရီ လီမိတက်သည် နိုင်ငံတကာအသိအမှတ်ပြု **ISO 22000: 2005 (အစားအသောက်ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးစီမံမှုစနစ်)** လက်မှတ်ရရှိသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်အပ်ပါသည်။

အရှေ့တောင်ပသော ကြယ်ကုမ္ပဏီလီမိတက်

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် - ၂/၂၀၀၈ ဖြင့် ၂၀၀၈ ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ **ရဲမှူးချုပ်သန်းဟန်**ကို **"စီမံထူးချွန် ဒုတိယဆင့်"** ချီးမြှင့်သည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုဇေယျာဦး-မမြင့်မြင့်စိုး(ရတနာစိုးပွဲရုံ)ဘုရင့်နောင်

အမည်ပြောင်းခြင်း

အဘ ဦးလှအောင်၏ သား အမက(၁)လသာမြို့နယ် စတုတ္ထတန်း (B) မှ စိုင်းအောင်ဘုန်းထူးအား ယနေ့မှစ၍ စိုင်းဘုန်းသက်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

စိုင်းဘုန်းသက်ပိုင်

ကျေးဇူးဆပ်ပါမည်

ဆရာတော် ဦးဝိလာသ သာသနာဝင် အမှတ် [၁၂/ရကန(သ)၀၀၁၂၆၈] ၏ နိုင်ငံကူး လက်မှတ်အမှတ် ၇၈၆၈၁၆မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph; 095198096**

အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် Jewel Rock (Gems & Diamond) စိန်ရတနာလုပ်ငန်းပိုင်ရှင် **ဒေါ်မာမာ** အား **(သုခမ္ဗသိဂီ)** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ကြည်နူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာအကျိုး ဆက်လက်၍ အောင်မြင်စွာ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်ခင်မြအုံး
ကိုနေလင်း–မမျိုးမျိုးရှိန် မိသားစု
ကိုဇော်ဝင်းရှိန်–မမီးမီး မိသားစု(ကနေဒါ)
ကိုရန်နိုင်ရှိန်–မမြတ်စန္ဒာ မိသားစု(ကနေဒါ)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် **ဒေါ်နန်းဖူး (ဒါရိုက်တာ၊ Beauty Palace Co., Ltd)** အား **"သုခမ္ဗသိဂီ"** ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Beauty Palace Co., Ltd. မိသားစု

မူးယစ်ဆေးဝါး ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

၂၀၀၈ ခုနှစ်အတွင်း ဘွဲ့ယူကြမည့် မောင်မယ်များအတွက် သတင်းကောင်း

မြန်မာနိုင်ငံ ပညာရေးကော်မတီမှ သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ချုပ်လုပ်ထားသည့် အချိုးအစားကျ သစ်လွင်သော ဘွဲ့ဝတ်စုံများကို ဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျ ရွေးချယ်ငှားရမ်းပေးနေပါသည်။ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ ရုံးချိန်အတွင်း)

မြန်မာ့ကုန်တိုက်ဘွဲ့ဝတ်စုံလုပ်ငန်းအမှတ်(၅၄)၊ ဗိုလ်ရွှေလမ်း(ယခင်မောင်ခိုင်လမ်း)လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၁–၂၅၂၈၅၁

မွေးနေ့ဆုတောင်း

ချစ်သော "ကို"

၄၈ နှစ်မြောက် မွေးနေ့မှသည် နောင်လာမည့် နှစ်ပေါင်းများစွာအထိ ချစ်သော မိသားစုနှင့် အတူ ပျော်ရွှင်သော ဘဝခရီးကို ထာဝရ လျှောက်လှမ်းနိုင်ပါစေ–

ချစ်ဇနီး "မိုး"
လားရှိုးမြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားအငယ်ဆုံးဖြစ်သူ မိုးဇေယျာအောင် နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် [၁၂/ဗတထ(နိုင်)၀၂၉၂၄၇] သည် လူမှုရေး၊ ငွေရေးကြေးရေးကိစ္စများတွင် ကြိမ်ဖန်များစွာ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်လာပါသဖြင့် ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ လုံးဝစွန့်လွှတ်လိုက်ကြောင်း။ ၎င်းနှင့် ပတ်သက်သောမည်သည့်လူမှုရေး၊ ငွေရေးကြေးရေးကိစ္စများကိုမှ လုံးဝ(လုံးဝ)တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးတင်အောင် [၁၂/ဗတထ(နိုင်)၀၂၃၃၈၈]

GSI Services Co., Ltd မှ

ပေါင်းပြီးသား ကျွန်းပါကေး၊ အင်ကညင်ပါကေးနှင့် လာမီနိတ်ရောင်စုံကြမ်းခင်းများ ခင်းပေးခြင်း၊ နံရံဆေးသုတ်ခြင်း၊ ရောင်စုံ Wall Paper များ ကပ်ပေးခြင်း၊ အခန်းကာခြင်း၊ ဆိုဖာဆက်တီစားပွဲ၊ ကုလားထိုင်၊ Cabinet များကို ဈေးနှုန်းသက်သာစွာနှင့် အချိန်တိုအတွင်း အိမ်တိုင်ရာရောက် လိုက်လံဆောင်ရွက်ပေးပါသည်။

လိပ်စာ– F(25)၊ တတိယထပ်၊ ယုဇနပလာဇာ၊ 200747 Ext 4400
615 C-2 ၊ မာလာလမ်းသွယ်၊ ကမာရွတ်မြို့နယ်။
၀၉–၅၀၀–၉၅၂၃၊ ၀၉–၅၁၃–၁၅၉၀၊ ၀၉–၅၁၉–၀၈၁၉၊ ၅၃၄၉၃၀၊ ၂၉၃၀၁၂

နန္ဒစိုင်း ရဲ့ နန္ဒစိုင်း

FRENZO PRODUCTION — EXCELLENT CREATION

Nanda Sai's Nanda Sai

19.1.2008 (Saturday) VCD/DVD ထွက်ပြီ

19.1.2008 နေ့ညနေ(၁)နာရီ၊ မိန်းလေဟာရုပ်ရှင်ရုံ (မြို့လယ်)မှာ နန္ဒစိုင်းနှင့် သရုပ်ဆောင်များ လက်မှတ်ထိုးမည်။
20.1.2008 နေ့ညနေ(၁)နာရီ၊ 78 Shopping Mall(Mandalay)မှာ အမှတ်တရလက်မှတ်ထိုးပြီး Dream Boat အဖွဲ့နှင့်အတူ Game ကစားမည်။

ဟိုင်းမင်း စက်မှုလက်မှု

အလုပ်ရုံခွဲ ဆိုင်ခွဲမရှိပါ။

- ♦ အမှုန့်ကြိတ်စက်
- ♦ ဆားကြိတ်စက်
- ♦ ဆားခါစက်
- ♦ အစာမွှေစက်
- ♦ ငါးမှုန့်လှော်စက်
- ♦ အစာတောင့်ညှပ်စက်
- ♦ ပလတ်စတစ်ကြိတ်ခွဲစက်
- ♦ ပရဆေးကြိတ်စက်
- ♦ ဆေးမွှေစက်
- ♦ မီးသွေးတောင့်ညှပ်စက်
- ♦ မုန့်ရည်ကြိတ်စက်
- ♦ အုန်းနို့ညှစ်စက်
- ♦ အုန်းသီးခြစ်စက်
- ♦ ဖွဲကြိတ်စက်
- ♦ ကြက်စာစက်
- ♦ ငါးပိကြိတ်စက်နှင့်
- ♦ အခြားစက်အမျိုးမျိုး ပြုလုပ်ပေးပါသည်။

အမှတ်(၉၅)၊ သုရလမ်းနှင့်သစ္စာလမ်းထောင့်၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့။ ဖုန်း ၀၁–၅၇၇၇၀၂

ဒေါက်တာအောင်ဇော်မိုး

M.B.,B.S (Ygn)
ဦးစီးသည့်

AAEC **အောင်အကယ်ဒမီ**

- ထူးချွန်ထက်မြက်သော **ဘာသာစုံဂုဏ်ထူးရှင်များ** မွေးထုတ်ပေးရာနေရာ
- စည်းကမ်းရှိပြီး ကြိုးစားသော ကျောင်းသား/သူများအတွက် ရွေးချယ်ရာနေရာ
- မိဘများ၏ ယုံကြည်မှုကို အပြည့်အဝရရှိထားသော အောင်ချက်အကောင်းဆုံးနေရာ

အမှတ် (၈၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ (မီးပွိုင့်အနီး)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၁–၂၄၀၉၄၆၊ ၀၁–၃၈၃၄၅၂၊ ၀၉ ၅၀၂၀၄၄၅၊ ၀၉ ၅၀ ၂၀၂၇၂၊
၀၉ ၅၁ ၀၉၃၀၁၊ ၀၉ ၅၁ ၁၇၉၆၆

City & Guilds — TECH

" နိုင်ငံခြားတက္ကသိုလ်များတွင် ဒုတိယနှစ်မှ စတင်တက်ရောက်နိုင်သော အင်္ဂလန်နိုင်ငံမှ ချီးမြှင့်သည့် နိုင်ငံတကာအသိအမှတ်ပြု အဆင့်မြင့်အင်ဂျင်နီယာဒီပလိုမာသင်တန်းများဖွင့်နေပြီ "

Advanced Engineering Diploma

- Advanced Mechanical & Electrical Engineering (Control System)
- Advanced Mechanical Engineering
- Advanced Electrical Engineering
- Advanced Electronic Engineering
- Advanced Construction Engineering

- **Advanced Engg: Diploma** လက်မှတ်ရရှိပါက နိုင်ငံခြားတက္ကသိုလ်များတွင် ဒုတိယနှစ် မှတင်၍တက်ရောက်နိုင်သည်။
- **GTI, B-TECH** နှင့် **City & Guilds Engg: Diploma** လက်မှတ်ရရှိပြီးသူများ (သို့) အင်ဂျင်နီယာဒီပလိုမာ ရရှိထားသူများ **Advanced Engg: Diploma** သင်တန်း တက်ရောက်နိုင်ပါသည်။
- **Singapore** နိုင်ငံရှိ **Work Permit** နှင့် **S-Pass Permit**ရရှိရန် အထောက်အကူပြုအင်ဂျင်နီယာလက်မှတ်ဖြစ်သည်။
- **City & Guilds Engg: Dip** သင်တန်းများကိုလည်းတက်ရောက်နိုင်သည်။

ဦးမောင်မောင်ပြည့်စုံ [B.A (Eng)YUFL,Dip in (ELTM),MA(TEFL)]
ဦးစီးသင်ကြားပေးနေသောနိုင်ငံတကာအဆင့်မီ **အင်္ဂလိပ်စာ** သင်တန်းများ

- English Courses for Standard Communication
- Communication Grammar Courses; Writing Courses
- IELTS, TOEFL Courses
- English for Engineers
- English for Overseas Workers
- English for Travel & Tourism
- English for Young Learners (Pre-Starters,Starters,Movers,Flyers,PET)

လစဉ် တန်းခွဲသစ်များစပြီ၊

ကလေးများအတွက် နွေရာသီသင်တန်းများ

ပထမဆုံးသင်တန်းကြိုတင်အပ်နှံသူ အယောက် (၅၀) အတွက်
အထူးအခွင့်အရေး **25% Dis:**

- English
- Computer
- English Literature & General Knowledge
- Swimming

အမှတ်(၄၁)ရန်ကုန်-အင်းစိန်လမ်းမကြီး၊လှည်းတန်းမီးပွိုင့်အနီး၊ 705702,539531,4413097

မီးသုံးစွဲလျှင် အသိဉာဏ် အစဉ်သတိ အမြဲရှိ

DIAMOND CITY SHOPPING CENTRE

ဘုရင့်နောင်တံတားထိပ် လမ်းမကြီး ၊ FMI City ရှေ့ ၊ လှိုင်သာယာမြို့နယ် ၊ ရန်ကုန်မြို့။ ဖုန်း ၆၈၂၆၃၄ / ၆၈၂၃၆၀

၂၀၀၈ ခုနှစ်၊ မတ်လဆန်း တွင်ဖွင့်လှစ်မည့် နိုင်ငံတကာအဆင့်မှီ Diamond City Shopping Centre တွင်ကုန်ပစ္စည်းများအား အပ်ကုန်စနစ်ဖြင့်တင်သွင်းရောင်းချလိုသော ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များအား စတင်၍ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မင်္ဂလာသတင်းကောင်းပါးအပ်ပါသည်။

Diamond City Shopping Centre သည်နိုင်ငံတကာအဆင့်မှီဆောက်လုပ်ထားသော အဆင့်မြင့် Shopping Centre ဖြစ်ပြီး အထပ်တိုင်းသို့ရွှေ့လျားဓါတ်လှေခါး(၄)စင်း၊ ကားအစင်းရေ (၁၅၀)ကျော်ရပ်နားနိုင်သော ကားရပ်နားကွင်း ၊ One Stop Supermarket, BeautySalon, Coffee Shop, Fancy Shop, Electronic Mart ၊ မြန်မာ့ရိုးရာစားသောက်ဆိုင် ,Cyber Coffee, Mobile Shop, Japanese & Korean Restaurant, European Restaurant, Chinese Restaurant, Modern Furniture Mart,ခေတ်မှီကလေးကစားကွင်း၊ Cosmetic စသည်ဖြင့် အမျိုးစုံလင်လှသောကမ္ဘာ့ကျော် အလှကုန်များနှင့်အဆင့်မြင့်ခေတ်မှီ One Stop Shopping Centre တစ်ခုအဖြစ်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ကုန်ပစ္စည်းတင်သွင်းရောင်းချလိုသောလုပ်ငန်းရှင်တိုင်းအား အကျိုးတူပူးပေါင်းဆောင်ရွက်၍အောင်မြင်မှုကို ရယူနိုင်ရန်အတွက် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကယားပြည်နယ် မယ်စဲ့၊ ဟားဆောင်း၊ ဘော်လခဲနှင့် ရွာတောဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး

ကြေးမုံ တို

ဖိလစ်ပိုင်၌ တစ်နာရီလျှင် ကလေး ၂၀၀ မွေး

မနီလာ ဇန်နဝါရီ ၁၈

ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေတိုးတက်နှုန်းသည် ယခုနှစ်၌ တစ်နာရီလျှင် ကလေး၂၀၀နှုန်း မွေးဖွားလျက်ရှိကြောင်း၊ အရှေ့တောင်အာရှတွင် လူဦးရေများပြားသည့် ကျွန်းစုနိုင်ငံဖြစ်ကြောင်း ပြည်တွင်း မီဒီယာက အင်္ဂါနေ့တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ယခုအခါ လူဦးရေ ၈၄ သန်းခန့်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေ တိုးတက်နှုန်းသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ ပျမ်းမျှခြင်း ၁ ဒသမ ၅ ရာခိုင်နှုန်းထက် ပို၍များပြီး ထိုင်း၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ထက် မြင့်မားလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ကယားပြည်နယ်တာဝန်ခံ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီတွင် မယ်စဲ့မြို့သို့ ရောက်ရှိကြရာ မယ်စဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်၊ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးထွန်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှု အခြေအနေများကို **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

ပညာရေးဝန်ကြီးဌာန ၂၀၀၈ ခု ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် ဇန်နဝါရီ ၁၈

ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီး၏ အထူးပြု ဘာသာရပ်အသီးသီးအတွက် သင်တန်းများအားလုံးကို ဇန်နဝါရီ ၂၁ ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်းနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ၏ ၂၀၀၈ ခု ပညာသင်နှစ် ပထမနှစ် သင်တန်းဝင်ခွင့်ရသူများ စာရင်းကိုလည်း သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးတွင် ကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား